မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၅၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စွမ်းအားစွမ်းရည်များ တိုးတက်အောင်တည်ဆောက်

အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာ၌ ကိုယ့်ခွန်ကိုယ့်အားကို အားကိုး၍ တည်ဆောက်ရမှာဖြစ်၊ မိမိအင်အားကို အားကိုးနိုင်ရန် မိမိ၏ စွမ်းအား စွမ်းရည်များကို တိုးတက်အောင် တည်ဆောက်ရမှာဖြစ်၊ ကိုယ့်စွမ်းအင်ကို တည်ဆောက်၍ ကိုယ့်အားကိုယ်ကိုးနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာမှာဖြစ်၊ ရှေ့ဆက်ပြီး ကိုယ့်နိုင်ငံတော်ကို တည်ဆောက်သွားကြရမည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းပြည်ဖွံ့ဖြိုးမှု၊ ခေတ်မီမှု ရှေးရှုသောစီမံကိန်းများ မြန်မြန်ထက်ထက် အချိန်မီပြီးစီးအောင်ဆောင်ရွက်

ဖွံ့ဖြိုးမှုအားနည်းနေသောဒေသများ၌ ဖော်ဆောင်မည့်စီမံကိန်းများ မြန်မြန်ပြီးစီးအောင်အကောင်အထည်ဖော်

ချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်အောင် ချိတ်ဆက်ဖော်ဆောင်သွားရန် အရေးကြီး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကို ကိုယ့်ခွန်ကိုယ့်အား အားကိုး၍တည်ဆောက်

နေပြည်တော် မတ် ၆

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မှာကြားလမ်းညွှန်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၇ ရက်)

စီမံကိန်းလုပ်ငန်းကြီးများ အမြန်ပြီးစီးရေး ဝိုင်းဝန်းဖော်ဆောင် နိုင်ငံတော်၏စေတနာသိမြင် လက်တွဲပါဝင်ကြိုးပမ်း

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၀) ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ မတ်လ ၅ရက်နေ့က ကျင်းပခဲ့ရာ အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ လမ်းညွှန်မှာကြားခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးစီမံကိန်းများရေးဆွဲ၍ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းပမာဏများသည် ရင်းနှီးမြှုပ်နှံမှု ကြီးမားသည်နှင့်အမျှ နိုင်ငံတော်အတွက်လည်း ထိရောက်သော အကျိုးဖြစ်ထွန်းမှုများ ရရှိခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အတွက် အရေးပါသော စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်နေသကဲ့သို့ နောင်လာနောက်သားများ အကျိုးအတွက်ပါ ရည်မှန်း၍ ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ စီမံကိန်းကြီးများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပေသည်။

နိုင်ငံတော်ကို တည်ဆောက်ရာတွင် လုပ်ငန်းတစ်ခုတည်းကိုသာကွက်၍ တည်ဆောက်၍မရဘဲ ယင်းလုပ်ငန်းနှင့် ဆက်နွှယ်လျက်ရှိသော အခြားကဏ္ဍများကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ရသဖြင့် နိုင်ငံတော်အစိုးရသည် စီမံကိန်းလုပ်ငန်းများကို တစ်ပြိုင်တည်း ဆက်စပ်အကောင်အထည်ဖော်လျက်ရှိပေသည်။

နိုင်ငံတော်၏ စီမံကိန်းများအောင်မြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲက–

"လုပ်ငန်းများ အောင်မြင်ရေးအတွက် အဆင့်ဆင့်သောကြီးကြပ်မှုနှင့် လမ်းညွှန်မှုအားကောင်းရန်လည်း လိုအပ်ကြောင်း၊ ကြီးကြပ်မှုနှင့် လမ်းညွှန်မှုသည် အစဉ်တစိုက်ရှိမှသာ လုပ်ငန်းသည် မြန်မြန်ဆန်ဆန် အရည်အသွေးရှိရှိ၊ ကုန်ကျစရိတ်သက်သာစွာနှင့် အချိန်မီပြီးစီးနိုင်သည့် လက်တွေ့ သာဓကများရှိပြီးဖြစ်ကြောင်း"

ထည့်သွင်း မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာ၌ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုလည်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ စီမံကိန်းလုပ်ငန်းကြီးများ အချိန်မီပြီးစီးရန် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိရာ တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်၏စေတနာကို သိမြင်နားလည်ပြီး ရည်မှန်းချက်များ အမြန်ဆုံးပြီးစီးစေရန် ဝိုင်းဝန်းလက်တွဲ ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါကြောင်း။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၇-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၃၀)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **စေညွှန်ရာ**
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၁၅)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၀။ လျှပ်တစ်ပြက်
၆:၃၀ ၁၁။ ဘဝကြေးမုံ **ရွှေနေမလေး မေစံရှားနှင့် ဂုဏ်သိက္ခာဖော်သောတရားခံ** (ဒုတိယပိုင်း)
၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၂၈)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ကျန်းမာသုတ
၁၉။ ပဟေဠိနန်းတော်
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၂၇)
၂၂။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၈)

သီရိရတနာလမ်း ၁၆ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ကိုကောင်း မြတ်သူ-မရတနာစိုးမိုး မင်္ဂလာဦး အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ နဝကမ္မငွေပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနား ဂီတစည်းရုံးရေးကော်မတီ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံး နေပြည်တော်ပျဉ်းမနား မြို့နယ်ဂီတစည်းရုံးရေး ကော်မတီ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မတ် ၃ရက် နံနက် ၉နာရီက အမှတ် ၄၈၊ နေပြည်တော် ယောက်သွားအင်းရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်သန်း၏နေအိမ်၌ ကျင်းပသည်။ အခမ်းအနားသို့ နာယကများ၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ကော်မတီဝင်များ၊ အစည်းအရုံးဝင်များ တက်ရောက်ကြပြီး ဂီတစည်းရုံးရေး ကော်မတီဆိုင်းဘုတ်ကို စိုက်ထူ၍ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းသည်။

ဖျော်ဖြေရေး

နေပြည်တော် ပျဉ်းမနား မြို့နယ်ဂီတ စည်းရုံးရေးကော်မတီ၌ အဖွဲ့ဝင် ၇၀ကျော် ရှိပြီး မြို့နယ်အတွင်း တေးဂီတဖျော်ဖြေရေး လုပ်ငန်းများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဖျော်ဖြေရေး၊ သတ်မှတ်စည်းကမ်းများနှင့် အညီဆောင်ရွက်ရေးတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

(ခရိုင် ပြန်/ဆက်)

အထက (၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်ပွဲ မတက်ရောက်နိုင်သော ဆရာ ဆရာမကြီးများအား သွားရောက်ကန်တော့

ရန်ကုန် မတ် ၆

အထက(၃) ကြည့်မြင်တိုင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)က အဆိုပါကျောင်း စကားဖြူခန်းမ၌ ကျင်းပသည်။

ပေးအပ်ကန်တော့

အခမ်းအနားသို့ ကန်တော့ခံဆရာ ဆရာမကြီး ၆၇ဦးတက်ရောက်ကြပြီး ကျန်းမာရေး ကြောင့် မတက်ရောက်နိုင်သော ဆရာ ဆရာမကြီး ၁၇ဦးတို့အား ကျန်းမာရေး ဝန်ဆောင်မှုကော်မတီ(ယာယီ)က ဆေးရုံနှင့်နေအိမ်များသို့ သွားရောက်ကြ၍ ကန်တော့ခံပစ္စည်း၊ ပူဇော်ငွေများ သတ်မှတ်ချက်နှင့်အညီ ကျန်းမာရေးဝန်ဆောင်မှု အလှူငွေများကိုပါ တစ်ပါတည်း ပေးအပ်ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ဆက်သွယ်နိုင်

ကျန်းမာရေးကိစ္စအတွက် အကြောင်းကြားလိုသော ဆရာ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ဆောင်မှုအတွက် မတည်ငွေနှင့် လစဉ်လှူဒါန်းလိုကြသော ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့်လည်းကောင်း ကျန်းမာရေးဝန်ဆောင်မှုကော်မတီ(ယာယီ)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဦး ဖုန်း-၀၁-၂၂၀၃၈၀၊ ဦးဆောင်နာယက ဦးမြင့်သန်း ဖုန်း-၀၉-၅၁-၀၁၀၉၂၊ ဦးမြင့်ကြည် (အောင်သိန်းဗိုလ်)ဖုန်း-၀၉-၈၀-၃၃၄၁၈၊ ဥက္ကဋ္ဌ ဦးသိန်းလွင် ဖုန်း-၀၉-၅၁-၀၅၇၆၁၊ ဦးအောင်မြင့် ဖုန်း-၀၉-၅၁-၉၀၈၄၂၊ အတွင်းရေးမှူး ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)ဖုန်း-၀၉-၅၀-၅၀၂၈၀၊ ဦးကံကြည် ဖုန်း-၀၉-၅၀-၈၅၉၆၉၊ ဦးတင်စိန် ဖုန်း-၀၁-၅၂၅၃၁၃၊ ဦးခင်မောင်လှ ဖုန်း-၀၉-၈၀-၂၃၅၇၉၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁-၃၂၀၃၆နှင့် ဦးဒွေးဝင်း (ရုပ်မြင်) ဖုန်း-၀၉-၅၁-၈၅၆၅၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၁၆၄)

ရေဆင်းအထက(၄) အငြိမ်းစားဆရာ ဆရာမများ ပူဇော်ကန်တော့ပွဲ

နေပြည်တော် မတ် ၆

ရေဆင်း အထက(၄) ၁၉၈၄မှ ၁၉၉၂ခုနှစ်အထိ အငြိမ်းစား ဆရာ ဆရာမကြီးများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို မေ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဆင်း အထက(၄)၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့်ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအကြောင်း သိကောင်းစရာ ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားစဉ်။ (၁၈၃)

လက်ခံတွေ့ဆုံ

မတ် ၆ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဝန်ကြီး **H.E Dr. Cao Duc Phat** ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းကျောဖုံး) (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး

မုံရွာခရိုင် ကနီမြို့နယ်၌ အလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့် ဖွင့်ပွဲတက်ရောက် ဒေသခံတောင်သူများအား တွေ့ဆုံ၊ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မတ် ၃ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ် ပျဉ်တောကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ကျင်းပသည့် အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့တက်ရောက်၍ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဉာဏ်ထွန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ပက်ဖျန်း

ရှေးဦးစွာ တာဝန်ရှိသူများက အခြေခံပညာ အလယ်တန်းကျောင်းခွဲမှ အခြေခံပညာ အလယ်တန်းကျောင်းသို့ အဆင့်တိုးမြှင့်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ခရေနှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်ပွဲကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျောင်းပညာရေးအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘုတလင်မြို့နယ် သခွတ္တနယ်စံပြကျေးရွာရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ အလှူငွေများကို ပေးအပ်သည်။

ရေဘုတလင်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရေဘုတလင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ ရောက်ရှိ၍ မြစ်ရေစုပ်တင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပင်မ လက်တံမြောင်းတစ်လျှောက်ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဒေသဖွံ့ဖြိုးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘုတလင်မြို့နယ်ရုံးသို့ ရောက်ရှိကာ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မုံရွာ-ချောင်းဦးလမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ချောင်းဦးမြို့နယ် မကျီးခွကျေးရွာအုပ်စုရှိ မြန်မာ့နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ပေါက်အင်းဂျုံစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတို့က လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြကြ၍ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြကာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြားသည်။

စိုက်ပျိုးထား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပေါက်အင်းစိုက်ကွင်း၌ စိုက်ပျိုးထားသည့် ဂျုံမျိုးနမူနာများနှင့် ဂျုံစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ခင်းများ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဂျုံစိုက်ခင်းများ၊ သခွားမွှေးစိုက်ခင်းများ၊ ဆောင်းသီးနှံ စိုက်ခင်းများနှင့် ဂျုံရိတ်သိမ်းထားရှိမှုတို့ကို လည်းကောင်း၊ မြောင်-မကျီးဘုတ်-ပရိမ္မလမ်းပိုင်း အခြေအနေများနှင့် လမ်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ခင်းများကို လည်းကောင်း မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မြောင်မြို့နှင့် ရွှေပေါက်ပင်ကျေးရွာအကြားရှိ လက္ကပင်တာပေါင်သို့ ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ လက္ကပင်တာပေါင် ကြံ့ခိုင်မှု၊ တာပေါင် ဝဲယာတစ်လျှောက်ရှိ နွေစပါး စိုက်ပျိုးထားရှိမှုနှင့် ဆောင်းသီးနှံ စိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရွှေပေါက်ပင်ကျေးရွာသို့ ရောက်ရှိကာ နွေစပါးစိုက်ခင်းအား မြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းမြို့ အုန်းတော ၂၃၀/၃၀ ကေဗွီအေ ၆၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ရောက်ရှိ၍ ဓာတ်အားခွဲရုံ ထိန်းချုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကနီမြို့နယ် ပျဉ်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ အခြေခံပညာအလယ်တန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားတွင် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၆

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး မွန်ပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ဝဒသမ ၃၉လက်မနှင့် မချမ်းဘောမြို့တွင် ဝဒသမ ၃၅လက်မတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>မတ် ၇ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> အများအားဖြင့် သာယာမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> အများအားဖြင့် သာယာမည်။

● *ကျောဖုံးမှ*

ယင်းလှေကို Planetsolar ဟု အမည်ပေးထားပြီး တစ်နာရီလျှင် ၁၅ မိုင်နှုန်း ခုတ်မောင်းနိုင်သည်ဟု ဆိုသည်။ ၄င်းလှေသည် လူ ၅၀အထိ တင်ဆောင်နိုင်သည်။

<u>စတင်မည်</u>

ဤဆိုလာစွမ်းအင်သုံး လှေကြီးကို ဟမ်းဘတ်ဆိပ်ကမ်း ထူထောင်သည့် (၈၂၁)နှစ်မြောက် အခမ်းအနားကျင်းပမည့် လာမည့် ဖွန်လနှင့်စက်တင်ဘာလအတွင်း စမ်းသပ်မောင်းနှင်မည်ဖြစ်ကြောင်းသိရသည်။ ယင်းဆိုလာစွမ်းအင်သုံးလှေဖြင့် ကမ္ဘာပတ်ခြင်းကို ၂၀၁၁ ခုနှစ် ဧပြီလတွင် စတင်မည် ဖြစ်ကြောင်း သိရသည်။ *(အင်တာနက်)*

(၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၆

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို တတိယနေ့အဖြစ် ယနေ့နံနက် ၆နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း (ရွာတော်)၌ ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၂)အသင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)အသင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃) အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာလက်ဝတ်ရတနာပြပွဲ ဟောင်ကောင်၌ကျင်းပ နိုင်ငံပေါင်း၄၄နိုင်ငံပါဝင် ခင်းကျင်းပြသ

ဟောင်ကောင် မတ် ၆

တရုတ်နိုင်ငံတောင်ပိုင်း အထူးအုပ်ချုပ်ရေးဒေသ ဟောင်ကောင်၌ (၂၇) ကြိမ်မြောက် နိုင်ငံတကာလက်ဝတ်ရတနာပြပွဲကို မတ် ၅ရက်၌ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ လက်ဝတ်ရတနာပြပွဲတွင် ဒေသနှင့် နိုင်ငံပေါင်း ၄၄ နိုင်ငံမှ ပါဝင်ပြသသူပေါင်း ၂၆၀၀ ကျော်ရှိကြောင်း ယင်းသတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘာလင် နိုင်ငံတကာခရီးသွားလုပ်ငန်း မြှင့်တင်ရေးပြပွဲ အင်ဒိုနီးရှားပူးပေါင်းပါဝင်မည်

ဂျကာတာ မတ် ၆

အင်ဒိုနီးရှားနိုင်ငံသည် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြည်ပခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် မတ် ၁၀ရက်မှ ၁၄ရက်အထိကျင်းပမည့် နိုင်ငံတကာ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပြပွဲ၌ ပါဝင်မည်ဖြစ်ကြောင်း မတ် ၅ရက်ထုတ် ကောမက်စ်သတင်းစာက ဖော်ပြသည်။

အရေးပါ

အင်ဒိုနီးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြည်ပဈေးကွက်တွင် အထူးသဖြင့် ဥရောပနိုင်ငံများအတွင်း မြှင့်တင်ရန်အတွက် ဂျာမနီနိုင်ငံသည် အထူးအရေးပါကြောင်း အင်ဒိုနီးရှား ခရီးသွားလုပ်ငန်းနှင့် စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

မျှော်မှန်း

ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့ နိုင်ငံတကာ ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းခန့်ရောက်ရှိမည်ဟုမျှော်မှန်းထားရာ ဥရောပနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသည် ၈၀၀၀၀၀ ခန့်ပါဝင်မည်ဟု ဆိုသည်။ အမ်အင်န်အေ၊ဆင်ဟွာ

သစ်ခွပန်းပြပွဲ နယူးယောက်တွင် ဖွင့်လှစ်

နယူးယောက် မတ် ၆

အမေရိကန်နိုင်ငံ နယူးယောက်မြို့ ရုက္ခဗေဒဥယျာဉ်၌ (၈)ကြိမ်မြောက် နှစ်ပတ်လည် သစ်ခွပန်းပြပွဲကို မတ် ၄ ရက်မှ ဧပြီ ၁၁ရက်အထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဆွဲဆောင်

အဆိုပါသစ်ခွပန်းပြပွဲ၌ ကျူးဘားနိုင်ငံ ကျေးလက်ဒေသနှင့် ဟာဗားနားရှိ သစ်ခွပန်းများအပါအဝင် သစ်ခွမျိုးပေါင်း ၇၀၀၀ခန့် ပါဝင်ပြသလျက်ရှိရာ ရှန်းစိုလှပသည့် သစ်ခွပန်းများက ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိကြောင်း သစ်ခွပန်းပြပွဲတာဝန်ရှိသူက ပြောကြားသည်။

နယူးယောက်မြို့ရှိ ရုက္ခဗေဒဥယျာဉ်၌ ထုတ်ကုန်ပြပွဲနှင့် ပန်းပြပွဲများကျင်းပလေ့ရှိရာ နှစ်စဉ်ခရီးသွားဧည့်သည်ပေါင်း ၈၀၀၀၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ငလျင်ဒဏ်ခံစားရသည့် ချီလီနိုင်ငံအတွက် တရုတ်နိုင်ငံမှပေးပို့မည့် ထောက်ပံ့ပစ္စည်းများကို ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ မတ် ၅ရက်က တင်ဆောင်နေစဉ်။ (အင်တာနက်ဓာတ်ပုံ)

၂၀၁၀ခုနှစ် ပထမ နှစ်လအတွင်း ဗီယက်နမ်၏ဝင်ငွေ ဒေါ်လာ၄ဘီလီယံကျော်ရရှိ

ဟန္နိုင်း မတ် ၆

ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ခုနှစ် ပထမနှစ်လအတွင်း နိုင်ငံတော်ဘဏ္ဍာအတွက် အမေရိကန်ဒေါ်လာ ၄ဒသမ ၀၁ဘီလီယံ ရှာဖွေပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ဗီယက်နမ် ဘဏ္ဍာရေးဝန်ကြီးဌာနက မတ် ၃ရက်တွင် ကြေညာသည်။

လျာထား

ယင်းငွေပမာဏသည် ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်းလျာထားသည့်ဝင်ငွေစုစုပေါင်း၏ ၁၆ဒသမ၆ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ရရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၀၉ခုနှစ်က အမေရိကန်ဒေါ်လာ ၂၀ဒသမ၄၅ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နျူစက်ရုံတည်ဆောက်ရေး တောင်ကိုရီးယားနှင့်တူရကီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

ဆိုးလ် မတ် ၆

တောင်ကိုရီးယားအစိုးရသည် တူရကီနိုင်ငံ၌ နျူကလီးယားစက်ရုံတည်ဆောက်ရေးဆိုင်ရာ ပူးပေါင်းသုတေသနလုပ်ငန်းနှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ(အမ်အိုယူ)ကို လက်မှတ်ရေးထိုးရန် စီစဉ်လျက်ရှိကြောင်း တောင်ကိုရီးယားသတင်းဌာနက မတ်၄ရက်တွင် တရားဝင်ထုတ်ပြန်ကြေညာသည်။

ထုတ်လွှင့်

တူရကီအစိုးရအနေဖြင့် နျူကလီးယားစက်ရုံ တည်ဆောက်ရန်နေရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအပေါ် လတ်တလောမဆုံးဖြတ်ရသေးသဖြင့် ယင်းနားလည်မှုစာချွန်လွှာသည် နှစ်ဦးနှစ်ဖက် သုတေသနဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ပူးပေါင်းဆောင်ရွက်ရန်သာ ဖြစ်ဖွယ်ရှိသည်ဟု အစိုးရတာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းဌာနက ထုတ်လွှင့်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပင်လယ်နီဒေသ၌ အီးယူစစ်သင်္ဘောများ ထိုးစစ်ဆင် ဆိုမာလီပင်လယ်ဓားပြ ကိုးဦးထက်မနည်းသေဆုံး

မိုဂါဒစ်ရှူး မတ် ၆

ပင်လယ်နီဒေသတွင် ဥရောပသမဂ္ဂ စစ်သင်္ဘောများက ထပ်မံထိုးစစ်ဆင်တိုက်ခိုက်သဖြင့် ဆိုမာလီပင်လယ်ဓားပြ ကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။

ချေမှုန်းတိုက်ခိုက်

ဥရောပသမဂ္ဂ(အီးယူ)စစ်သင်္ဘောများ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် ပြန်ပေးဆွဲသူများ၏ ရေယာဉ်ကို ၂၄ နာရီအတွင်း တတိယအကြိမ်မြောက် ချေမှုန်းတိုက်ခိုက်လိုက်နိုင်သည်ဟု ပင်လယ်ဓားပြပြောခွင့်ရသူတစ်ဦးက ရုပ်မြင်သံကြားသတင်းပြန်ကြားရေးဌာနသို့ ပြောကြားသည်။

ပြောကြား

ဆိုမာလီပင်လယ်ဓားပြများအနေဖြင့် အီးယူ စစ်သင်္ဘောများနှင့် ယီမင်ငါးဖမ်းသင်္ဘောများကို လိုက်လံတိုက်ခိုက်သွားမည်ဟုလည်း အဆိုပါပြောခွင့်ရသူက ဆက်လက် ပြောကြားသည်။

ပင်လယ်ဓားပြများသည် အေဒင်ပင်လယ်ကွေ့အနီးတွင် သွားလာနေသော သင်္ဘောများကို နေ့စဉ်လိုလို အပိုင်စီးပြန်ပေးဆွဲပြီး သင်္ဘောသားများအား ဓားစာခံအဖြစ်ဖမ်းဆီးကာ ပြန်ပေးငွေတောင်းဆိုလေ့ရှိသည်။ **(အင်တာနက်)**

ဒိုင်နိုဆောနှင့်တူသောသတ္တဝါ တန်ဇန်းနီးယား၌ သိပ္ပံပညာရှင်များတွေ့ရှိ

ဘိုဂိုတာ မတ် ၆

သိပ္ပံပညာရှင်များသည် တန်ဇန်းနီးယားနိုင်ငံတွင် ဒိုင်နိုဆောနှင့်တူသော သတ္တဝါကြီးတစ်ကောင်ကို တွေ့ရှိထားသည်။ ယင်းသတ္တဝါကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀ သန်းကျော်က ကျက်စားခဲ့သော သတ္တဝါမျိုးဖြစ်သည်ဟု တွက်ဆကြသည်။

ဖော်ပြထား

အဆိုပါ သတ္တဝါကြီးသည် ခွေးကိုယ်လုံးအရွယ်ရှိပြီး သီးနှံကို စားသည်။ ဒိုင်နိုဆောဘိုးဘွားဘီဘင်က ဆင်းသက်ခဲ့သည့် သတ္တဝါဖြစ်သည်ဟု ကိုလံဘီယာတက္ကသိုလ်မှ စတာလင်နက်စဘက် ဦးဆောင်သော သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က နေးချားအမည်ရှိ ဂျာနယ်တစ်စောင်တွင် ဖော်ပြထားသည်။

ညွှန်ပြ

လွန်ခဲ့သည့်နှစ်ပေါင်း ၂၄၅ သန်းကရှိခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းအရ အဆိုပါ သတ္တဝါသည် ယင်းသတ္တဝါအမျိုးအစားတွင် သက်တမ်းအရင့်ဆုံး သတ္တဝါဖြစ်သည်ကို ညွှန်ပြနေကြောင်း သုတေသီများက ပြောကြားသည်။ (အင်တာနက်)

ချီလီ ငလျင်ဒုက္ခသည်များအတွက် ဩစတြေးလျအစိုးရကူညီထောက်ပံ့

ကင်ဘာရာ မတ် ၆

ဩစတြေးလျအစိုးရသည် ငလျင်ဒဏ်ခံစားခဲ့ရသော ချီလီနိုင်ငံအတွက် အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများကို မတ် ၆ရက်က ပထမအသုတ်အဖြစ် ပို့ဆောင်ပေးလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စေလွှတ်ခဲ့

ထို့အပြင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ရေးတွင် ပါဝင်ကူညီရန် ဆောက်လုပ်ရေးအင်ဂျင်နီယာ အဖွဲ့တစ်ဖွဲ့ကိုလည်း စေလွှတ်ခဲ့ပြီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုမှ အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်သို့သွားသည့် ခရီးသည်တင်ကားတိမ်းမှောက်မှု ဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို မတ် ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘောလ်တစ်ပင်လယ်ပြင် ရေခဲပြင်အတွင်း ပိတ်မိနေသည့် ခရီးသည်တင်သင်္ဘော ပြန်လည်လွတ်မြောက်လာ

စတော့ဟုမ်း မတ် ၆

ဆွီဒင်နိုင်ငံ အရှေ့ဘက်ကမ်းလွန်ရှိ ဘောလ်တစ်ပင်လယ်ပြင်ရေခဲထုအတွင်း၌ ပိတ်မိနေသော ခရီးသည်တင်သင်္ဘောအပါအဝင် သင်္ဘောများအားလုံးကို ကယ်တင်လိုက်နိုင်ပြီဖြစ်ကြောင်း ဆွီဒင်ပင်လယ်ရေကြောင်း စီမံခန့်ခွဲရေးဌာနက မတ် ၅ရက်၌ ပြောကြားသည်။

ကယ်တင်ပေး

ဖင်လန်နိုင်ငံမှ ဆွီဒင်နိုင်ငံသို့ ဦးတည်မောင်းနှင်လာသော ခရီးသည်တင် သင်္ဘောတစ်စင်းသည် မတ် ၄ရက် ညပိုင်းက ဘောလ်တစ်ပင်လယ်ရေခဲပြင်အတွင်း ပိတ်မိခဲ့သည်။ ဆွီဒင်ပင်လယ်ရေကြောင်း စီမံခန့်ခွဲရေးဌာနက ရေခဲခွဲယာဉ်သုံးစီးစေလွှတ်ကာ ကူညီကယ်တင်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြောက်ကိုရီးယား နျူကလီးယားအဆင့်မြင့်သံတမန် အမေရိကန်နိုင်ငံသို့ သွားရောက်ဖွယ်ရှိ

ဆိုးလ် မတ် ၆

မြောက်ကိုရီးယား နျူကလီးယားဆိုင်ရာ အဆင့်မြင့်သံတမန်ဖြစ်သည့် ကင်ကျီကွန်သည် မြောက်ကိုရီးယား နျူကလီးယား အစီအစဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမေရိကန်နိုင်ငံသို့ သွားရောက်ဖွယ်ရှိကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ယူမြောင်ဟွန်က ပြောကြားသည်။

ကင်ကျီကွန်သည် ရပ်တန့်နေသော ခြောက်နိုင်ငံ နျူကလီးယားဆွေးနွေးပွဲ ပြန်လည်စတင်ရေးကိစ္စကို ဆွေးနွေးဖွယ်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက မတ် ၃ရက်တွင် ပြောကြားသည်။

မျှော်လင့်

ခြောက်နိုင်ငံဆွေးနွေးပွဲ မူဘောင်အတွင်းမှနေ၍ တစ်ဦးချင်းဆွေးနွေးကြဖွယ်ရှိကြောင်း၊ လောလောဆယ်တွင် မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကင်ကျီကွန်အား အမေရိကန်ပြည်ထောင်စု၌ မတ်လစောစောပိုင်းတွင် ကျင်းပမည့် နီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားကြောင်း၊ တက်ရောက်မည်ဟုလည်း မျှော်လင့်ရကြောင်း၊ သို့ရာတွင် အပြီးသတ်မပြောနိုင်သေးကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးက ထည့်သွင်းပြောကြားသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အင်ဒိုနှင့်မလေးရှား စားအုန်းဆီဖက်စပ်ထုတ်လုပ်မည်

အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ စားအုန်းဆီထုတ်လုပ်သူများက စားအုန်းဆီပိုမိုထုတ်လုပ်နိုင်ရန် ဖက်စပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး စားအုန်းဆီစက်ရုံများပူးပေါင်းတည်ဆောက်သွားရန် မတ် ၆ ရက်က သဘောတူညီမှု လက်မှတ်ရေးထိုးကြသည်။

အမေရိကန်လေဆိပ်၌ ခန္ဓာကိုယ်စစ်ဆေးစက်များအသုံးပြု

အမေရိကန်လေကြောင်းလိုင်းတစ်လိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းအား ဗုံးခွဲတိုက်ခိုက်ရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့ပြီးနောက် လော့စ်အိန်ဂျလိစ်မြို့တွင် မတ် ၆ရက်မှစတင်ကာ ခန္ဓာကိုယ်စစ်ဆေးစက်များ ပိုမိုတပ်ဆင်သွားမည်ဟု လော့စ်အိန်ဂျလိစ် လေဆိပ်အရာရှိများက ပြောကြားသည်။

တရုတ်အရှေ့ပိုင်း၌ ငါးဖမ်းစက်လှေနစ်မြုပ်

တရုတ်နိုင်ငံအရှေ့ပိုင်း ကျိုရှန်မြို့ကမ်းလွန်တွင် မတ် ၆ရက်က ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ငါးဖမ်းလုပ်သားတစ်ဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အီတလီဝန်ကြီးချုပ် ဘရာဇီးခရီးစဉ်ရက်ရွှေ့ဆိုင်း

အီတလီဝန်ကြီးချုပ် ဘာလူစကိုနီသည် လာမည့်မတ် ၉ရက်တွင် ဘရာဇီးနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည့် ခရီးစဉ်ကို နောက်လအထိ ရွှေ့ဆိုင်းလိုက်ကြောင်း အီတလီအရာရှိများက မတ် ၆ရက်တွင် ပြောကြားသည်။

ဥရောပသုံးနိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး

ဆလိုဗေးနီးယား၊ ခရိုအေးရှားနှင့် ဆားဗီးယားနိုင်ငံတို့မှ ခေါင်းဆောင်များသည် ဆလိုဗေးနီးယားနိုင်ငံ ပီတူဂျေမြို့၌ မတ် ၆ရက်ကတွေ့ဆုံကာ ဒေသဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိရာ အမေရိကန်ရွှေဈေးကွက်တွင် မတ်၆ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၃၅ဒသမ ၂၀ဒေါ်လာ အထိရှိခဲ့ကြောင်း အမေရိကန်ရွှေလုပ်ငန်းရှင်များက သတင်းထုတ်ပြန်သည်။



ပြင်သစ်အလယ်ပိုင်း၌ ရထားနှင့်ကားတိုက်မိ

ပြင်သစ်နိုင်ငံအလယ်ပိုင်း မိုနီတေးမြို့အနီးတွင် မတ် ၆ရက် နံနက်က ရထားတစ်စင်းနှင့် ကိုယ်ပိုင်မော်တော်ယာဉ်တစ်စီးတို့တိုက်မိခဲ့ရာ တစ်ဦးသေဆုံးပြီး ခရီးသည်အချို့ ဒဏ်ရာရရှိခဲ့ကြောင်း ပြင်သစ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ***(အပေါ်ပုံ)***

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းတန့်နေပြန်

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းအတက်အကျမရှိဘဲ တန့်နေလျက်ရှိရာ နယူးယောက်မြို့ ဈေးကွက်၌ မတ် ၆ရက်က ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၁ဒေါ်လာရှိကြောင်း သတင်းထုတ်ပြန်သည်။

အိန္ဒိယသမုဒ္ဒရာ၌ စပိန်ငါးဖမ်းသင်္ဘောများတိုက်ခိုက်ခံရ

အိန္ဒိယသမုဒ္ဒရာအတွင်း စပိန်ငါးဖမ်းသင်္ဘောသုံးစင်းကို ဆိုမာလီပင်လယ်ဓားပြများက မတ် ၆ရက်နံနက်တွင် တိုက်ခိုက်လုယက်ခဲ့ကြကြောင်း၊ သင်္ဘောသားများ သေဆုံးမှုမရှိကြောင်း စပိန်ကမ်းခြေစောင့်အရာရှိများက ပြောကြားသည်။

အီရန်လေဆိပ်၌ မူးယစ်မှောင်ခိုများ ဖမ်းဆီးနိုင်ခဲ့

အီရန်နိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ယခုနှစ်အတွင်း မူးယစ်ဆေးဝါး ၇၃၇ ကီလိုဂရမ် သိမ်းဆည်းရမိပြီး မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ဝင် ၄၀၀၀ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း မတ် ၅ရက်တွင် လေဆိပ်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

(အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဘီးလင်းနှင့်သထုံမြို့များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစစ်ဆေး ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းလုပ်ငန်းဆောင်ရွက်မှုကြည့်ရှု

နေပြည်တော် မတ် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၃ရက် နံနက် ၈နာရီခွဲက ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာရှိ နှမ်းစပါး စံပြစိုက်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော နွေစပါး စိုက်ခင်းသို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ကွင်းအမှတ်(၂၆၂)ရှိ နွေစပါးစိုက်ပျိုးခင်း၌ နွေစပါးစုပေါင်း မျိုးကွဲနုတ်ပယ်နေမှု အခြေအနေများကိုလည်းကောင်း၊ စပါးမျိုးစိုက်ခင်းများကိုလည်းကောင်း၊ ပြသထားသော စပါးမျိုးကောင်း နမူနာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် သထုံ-ဘားအံလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ သထုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၄ရက် နံနက် ၁၀နာရီခွဲက မြစ်ံအင်းဖြတ်လမ်း မြေဖို့ မြှင့်တင်ခြင်းလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြား၍ ဖြတ်လမ်းမြေဖို့နေမှုနှင့် တံတားတိုးချဲ့မြှင့်တင်နေမှုအခြေအနေများကိုလည်းကောင်း၊ ကျေးရွာ နွေစပါးစိုက်ခင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကတ္တရာခင်းခြင်းလုပ်ငန်း (ဈေးမသွယ်) ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မော်လမြိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာရှိ နွေစပါးစံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

မန္တလေး မတ် ၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေတံခွန်တောင်ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၂၀ရက် ညနေက ဦးအောင်စိုး၊ ဦးလှမျိုး၊ ဦးသက်နိုင်၊ ဦးမင်းနိုင် စသည့် ကစားဖော်များနှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ဦးမြတ်ပေါ် (ဆင်ဖြူကန်ဂေါက်သီးလေ့ကျင့်ရေးကွင်းတာဝန်ခံ)သည် ၁၃၁ ကိုက် ကွာဝေးသော ကျင်းအမှတ် (၃)၌ Titleist No.3 ဂေါက်သီးကို Ping Iron-9 ဂေါက်တံဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။

(မြန်မာ့အလင်း)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၆

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၀)၌ ပြည်ပမှ တိုက်ခိုက်ခံရ၍ ရတနာပုံတယ်လီပို့ အင်တာနက်ဆက်ကြောင်းလိုင်း ပြတ်တောက်ခဲ့ခြင်းဟုသိရ၊ အပေါင်ဆိုင်အချို့ အရစ်ကျငွေသွင်းမှု လက်ခံလာကြ၊ ဂျပန်က မြန်မာပြည်တွင် ဝက်မွေးမြူရေးနှင့် ဝက်အူချောင်းထုတ်လုပ်ရန် စိတ်ဝင်စား၊ ဖုန်ကန်ရာဇီရေခဲတောင်သို့ မော်တော်ကားဖြင့်သွားနိုင်ပြီ၊ ၂၀၁၃ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲအတွက် နေပြည်တော်တွင် ဟိုတယ်များ တိုးချဲ့တည်ဆောက်၊ လူနေထိုင်ရန် အထပ်မြင့်အဆောက်အအုံများဆောက်လုပ်ရာတွင် စပေါ်ငွေကျပ်သိန်း ၅၀ တင်မှသာ ဆောက်လုပ်ခွင့်ရရှိတော့မည် စသည့် ပြည်တွင်းရေးရာသတင်းများ၊ ထီးလင်းမြို့နယ် တောမရွာ၌ လုမ္ဗိနီအင်ကြင်းပင်သီးပွင့်နေ၊ အင်ကြင်းကျောက်ကို လက်ဖြင့်ထိတွေ့ပါက ကောင်းကျိုးရလဒ်များရရှိဟု ရှေးလူကြီးများယုံကြည်၊ Myanmar Discovery၊ ဒီမိုကရေစီအတွေးအမြင်ကို အစိပ္ပာယ် ဖွင့်ဆိုထားသည့် ဒီမိုကရေစီနှင့် ဒီမိုကရေစီ တည်ဆောက်ခြင်း အထူးဆောင်းပါး၊ ခါးပိုက်နှိုက်အန္တရာယ်ကာကွယ်ပါ၊ တစ်ဖက်သား ကိုယ့်ဘက်ပါအောင်ဆွဲဆောင်နည်း ကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

ဘဏ်တွေမှာ ပိုပြီးအရဲစွန့်ရင်းနှီးမြှုပ်နှံပါ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး လော့ဒ်မေနာနှင့် စထရိတ်တိုင်းမ်သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အမေရိကန်၏ ငွေချေးစာချုပ်များကို တရုတ်က ကြားခံလူမှတစ်ဆင့် ဝယ်ယူ၊ ၂၀၀၈ခုနှစ် မွမ်ဘိုင်းအကြမ်းဖက်မှုဖြစ်ပွားအပြီး အိန္ဒိယနှင့် ပါကစ္စတန်တို့ ပထမဦးဆုံးတွေ့ဆုံ၊ တေးဂီတတူရိယာများကို တီးခတ်ခြင်းက ကလေးငယ်တို့၏ ဘာသာစကားကျွမ်းကျင်မှုလေ့လာခြင်းကို အထောက်အကူပြု၊ ဆော်ဒီလူမျိုးတစ်ဦးအား ဂျကာတာ ဗုံးဖောက်ခွဲမှုတွင် ငွေကြေးထောက်ပံ့ခဲ့ သည်ဟူ၍ စွဲချက်တင်၊ အယ်လ်နီညိုကြောင့် အာရှတွင် သာမန်ထက်ပို၍ ပူပြင်းခြောက်သွေ့၊ ရက်သတ္တတစ်ပတ်လျှင် အချိုရည်နှစ်ပုလင်း သောက်သုံးခြင်းက ဆီးချိုရောဂါဘေးဥပဒ်ကို တိုးပွားစေနိုင် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

(သတင်းစဉ်)

ဖြူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ဖြူး မတ် ၆

ပဲခူးတိုင်း ဖြူးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဦး(ဖြူး-မြင့်ဦး)၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးမြင့်စိုး (မောင်မိုင်းညို့-ချောင်းဦး)တို့ကဆောင်ရွက်သည်။

ဖတ်ကြားတင်ပြ

အစည်းအဝေးတွင် သဘာပတိ ဦးမြင့်ဦး(ဖြူး-မြင့်ဦး)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းမောင်တို့က အမှာစကားပြောကြားကြပြီး အဖွဲ့နှစ်ပတ်လည် အစီရင်ခံစာကို အမှုဆောင်ဦးသန်းနိုင် (တောင်ငူလူမော်)နှင့် ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း ရွှေအင်း) တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အကြံပြုဆွေးနွေးအတည်ပြုကြပြီး အမှုဆောင်သစ်များအဖြစ် ဥက္ကဋ္ဌ ဦးမြင့်ဦး (ဖြူး-မြင့်ဦး)၊ အတွင်းရေးမှူး ဦးဉာဏ်ရွှင် (မောင်ချမ်းမြေ့ဖြူး)၊ ဘဏ္ဍာရေးမှူး ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း-ရွှေအင်း)၊ အမှုဆောင် ဦးမြင့်သိန်း (မောင်လှိုင်းငြိမ်း-ဖြူး)နှင့် ဦးဖြူဝင်း (တမာသင်းခိုင်)တို့အား ရွေးချယ်တင်မြှောက်ကြသည်။ **(အပေါ်ဝဲပုံ)** ညီလာခံကိုယ်စားလှယ်အဖြစ်အဖွဲ့ဥက္ကဋ္ဌဦးမြင့်ဦး (ဖြူး-မြင့်ဦး)အား ရွေးချယ်ကြသည်။

(၀၅၁)

ဖွံ့ဖြိုးရေးသိပ္ပံ၊ တက္ကသိုလ်မြတ်ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၆

ဖွံ့ဖြိုးရေးသိပ္ပံ၊ တက္ကသိုလ်၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ Hotel Yangon ၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့် အငြိမ်းစားဆရာ ဆရာမကြီးများနှင့် ကျောင်းဆင်းညီအစ်ကိုမောင်နှမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးအောင်ကျော်မြ ဖုန်း-၅၆၃၆၆၇၊ ဒေါ်သန်းသန်းမြင့် ဖုန်း-၅၇၈၆၇၂၊ ဒေါ်ခင်မိုးကြိုင် ဖုန်း-၀၉-၅၀-၃၃၀၈၃၊ ဦးကြီး မောင်မောင်ကျော် ဖုန်း-၅၃၅၈၈၉နှင့် ဒေါ်လှသန္တာ ဖုန်း-၅၄၅၅၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့ကြိုးပမ်းမယ့် ကမ္ဘောဇ F.C

2010 MNL ပြိုင်ပွဲဝင် အသင်းများအကြောင်း တစေ့တစောင်း

➤ သတင်းမှတ်တမ်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၆

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲဟာ မတ်လ ၁၃ရက်မှာ ပထမအကျော့ပွဲစဉ်တွေ စတင်တော့မှာဖြစ်ပါတယ်။ ကျင်းပပြီးစီးခဲ့တဲ့ ၂၀၀၉ MNL ပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့တဲ့အသင်းတွေဟာလည်း ဒီထက်အောင်မြင်ဖို့ ပြင်ဆင်နေကြသလို အောင်မြင်မှုတွေနဲ့ လွဲချော်ခဲ့တဲ့ အသင်းတွေကလည်း အပြိုင်အဆိုင်ပြင်ဆင်နေကြတာကြောင့် စိတ်ဝင်စားစရာကောင်းနေခဲ့တာအမှန်ပါပဲ။ လာမယ့်ပြိုင်ပွဲမှာ အသင်းသုံးသင်း ထပ်တိုးလာတာကြောင့် အသင်းပေါင်း ၁၁သင်းနဲ့ ပိုမိုအကြိတ်အနယ် ရှိလာမှာဖြစ်သလို နှစ်ကျော့စနစ်နဲ့ ကျင်းပမှာဖြစ်ခြင်း၊ MNL ရှုံးထွက်ဖလားပြိုင်ပွဲကိုပါ ဒုတိယအကျော့ကာလအတွင်း ကျင်းပမှာဖြစ်ခြင်းတို့ကြောင့် ချန်ပီယံဖြစ်ဖို့ သူတင်ကိုယ်တင် အပြိုင်နွှဲကြမှာဖြစ်ပါတယ်။ ၂၀၁၀ MNL ပြိုင်ပွဲဝင်အသင်းတွေရဲ့ အကြောင်းတွေကို မိတ်ဆက်တင်ပြပေးသွားမှာဖြစ်ပြီး ပထမဆုံးအနေနဲ့ ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်းအကြောင်းကို ဖော်ပြပေးလိုက်ရပါတယ်။

ကမ္ဘောဇအသင်း CEO ဦးခင်မောင်ကြိုင်။ (မြန်မာ့အလင်း)

ရှမ်းအိုးစည်သံတွေနဲ့ လွှင့်ပျံ့လာမယ့်

ကမ္ဘောဇ F.C

ကမ္ဘောဇအသင်းဟာ MNL ပြိုင်ပွဲစကတည်းက နိုင်ငံခြားသားတွေမခေါ်ယူဘဲ ပြည်တွင်းကစားသမားတွေကို နေရာပေးပြီး ပြိုင်ပွဲဝင်လာတဲ့ အသင်းဖြစ်သလို ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့မှာလည်း ပြည်တွင်းကစားသမားတွေနဲ့ပဲ ယှဉ်ပြိုင်မယ့်အသင်း ဖြစ်ပါတယ်။ ကမ္ဘောဇအသင်းဟာ ၂၀၀၉ MNL Cup ပြိုင်ပွဲမှာ စတုတ္ထနေရာနဲ့ အသန့်ရှင်းဆုံးအသင်းဆု၊ MNL အမှတ်ပေးပြိုင်ပွဲမှာ တတိယဆုရရှိခဲ့ပါတယ်။ ဒါ့အပြင် တိုက်စစ်မှူး စိုးမင်းဦးဟာ သွင်းဂိုး ၁၂ဂိုးနဲ့ ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲရဲ့ ရွှေဖိနပ်ဆုကို ရယူနိုင်ခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ အသင်းအောင်မြင်မှုရဖို့ မြန်မာ့ဘောလုံးလောကမှာ အထင်ကရပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ ဦးခင်မောင်ကြိုင်ကို အသင်း CEO အဖြစ် ခန့်အပ်နိုင်ခဲ့ပါတယ်။ ဦးခင်မောင်ကြိုင်ဟာ ပြီးခဲ့တဲ့ ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယဆုရ Delta United အသင်းမှာလည်း CEO အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။

ယှဉ်ပြိုင်မည်

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲအတွက် ကမ္ဘောဇအသင်းရဲ့ ပြင်ဆင်နေမှုများနဲ့ပတ်သက်လို့ အသင်း CEO ဖြစ်သူ ဦးခင်မောင်ကြိုင်အား တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ''မိမိအနေနဲ့ ကမ္ဘောဇအသင်းကို ပိုမိုကောင်းမွန်တဲ့ အသင်းကောင်းတစ်သင်းဖြစ်အောင် လုပ်ဆောင်သွားမှာပါ။ အသင်းတစ်သင်းကို ချက်ချင်းကြီး ပြုပြင်ပြောင်းလဲဖို့ မလွယ်တာကြောင့် ပထမအကျော့မှာ ပြည်တွင်းကစားသမားတွေနဲ့ပဲ ယှဉ်ပြိုင်သွားမှာပါ။ ဒုတိယအကျော့မှာတော့ နိုင်ငံခြားသား သုံးလေးဦးလောက်ခေါ်ဖို့ အစီအစဉ်ရှိပါတယ်။ အသင်းရဲ့ အားနည်းမှုတွေရှိတဲ့ ကွင်းလယ်ပိုင်းကို အဓိကအားဖြည့်သွားမှာပါ။ အသင်းကောင်းတစ်သင်းဖြစ်လာဖို့ဆိုရင် နည်းပြအဖွဲ့ရဲ့ အရည်အချင်းပေါ် မူတည်ပါတယ်။ အဲဒါကြောင့် လက်ရှိနည်းပြအဖွဲ့ကို အရည်အသွေးမြှင့်တင်သွားဖို့ရှိသလို နည်းပြအဖွဲ့တွေလည်း ထပ်တိုးသွားဖို့ရှိပါတယ်။ နည်းပြဆရာတွေ ထပ်တိုးဖို့အတွက် အရည်အချင်းမြင့်တန်းကလပ်တွေက အသင်းမရှိသေးတဲ့ နည်းပြအချို့နဲ့ ဆက်သွယ်ထားပါတယ်။ နိုင်ငံခြားသား ခေါ်ယူရာမှာလည်း အသင်းက ကစားသမားတွေနဲ့ အစပ်အဟပ်

တိုက်စစ်မှူးစိုးမင်းဦး။ (မြန်မာ့အလင်း)

ကမ္ဘောဇအသင်း ပြိုင်ပွဲအကြို ခြေစမ်းပွဲအဖြစ် ဧယာရွှေမြေအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်။ (မြန်မာ့အလင်း)

တည့်ဖို့၊ အဲဒါကြောင့် သေချာစမ်းသပ်ပြီးမှ ခေါ်ယူသွားမှာပါ။

ကျွန်တော့်အနေနဲ့ အသင်းကို ချက်ချင်းအောင်မြင်ပြီး ပြန်ကျသွားတာမျိုး မလိုချင်ပါဘူး။ တရိပ်ရိပ်တက်လာပြီး ရေရှည်အောင်မြင်တာကိုပဲ လိုချင်ပါတယ်။ ဒုတိယအကျော့မှာတော့ ပိုကောင်းလာမယ်လို့ ယုံကြည်ပါတယ်။ အသင်းအောင်မြင်မှုရဖို့အတွက် စည်းကမ်းစိတ်ဓာတ်ကို အဓိကပြုပြင်နေပါတယ်။ လက်ရှိကစားသမားတွေရဲ့ စိတ်ဓာတ်ပိုင်း၊ ကြိုးစားမှုတွေကို ကျေနပ်တယ်လို့တော့ မဟုတ်သေးပါဘူး။ ကျေနပ်လိုက်ရင် အခြားအသင်းတွေရဲ့နောက်ကို ရောက်သွားမှာမို့လို့ပါ။ အသင်းပိုင်ရှင်ရဲ့ ညွှန်ကြားချက်ကတော့ လက်ရွေးစင်အသင်းကို ရေရှည် တောင့်တင်းအောင် ပံ့ပိုးပေးနိုင်ဖို့ ဖြစ်ပါတယ်။ ပရိအသင်းကောင်းတစ်သင်းဖြစ်ဖို့ကတော့ စည်းကမ်းနဲ့ အရည်အချင်း ကောင်းဖို့လိုသလို ငွေကြေးလည်း သုံးစွဲနိုင်ရမှာပါ။ လာမယ့်ပြိုင်ပွဲမှာ အသင်းများလာတာ ကောင်းပါတယ်။ ဒါပေမယ့် စနစ်ကျဖို့လိုပါတယ်။ MNL နဲ့ မြန်မာ့ဘောလုံး တိုးတက်ချင်ရင်တော့ အိမ်ကွင်း၊ အဝေးကွင်းလုပ်ဖို့ လိုသလို စည်းမျဉ်းစည်းကမ်းတွေကလည်း ပရိဖြစ်ဖို့လိုပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့လည်း တောင်ကြီးမှာ အိမ်ကွင်းကျင်းပဖို့ ပြင်ဆင်နေပါတယ်။ လာမယ့်ပြိုင်ပွဲမှာ အဆင့်(၁) နေရာရအောင်ကြိုးစားသွားမှာပါ။ ရအောင်လည်း ကြိုးစားသွားမှာပါ'' လို့ပြောကြားခဲ့ပါတယ်။

ထွက်ခွာခွင့်ပြု

ကမ္ဘောဇအသင်းဟာ လာမယ့် ၂၀၁၀ MNL ပြိုင်ပွဲအတွက် ကစားသမား ခေါ်ယူမှုအဖြစ် ရတနာပုံအသင်းမှ ထွက်ခွာခွင့်ပြုထားသည့် သူရိန်စိုးကို ခေါ်ယူထားပြီး အသင်းမှ နေဝင်းနဲ့တင့်နိုင်ထွန်းသိန်းတို့က Southern Myanmar F.C၊ တင်အောင်မိုးက မနောမြေ F.C တို့ကို ပြောင်းရွှေ့သွားခဲ့ပါတယ်။ ပြိုင်ပွဲအကြို ခြေစမ်းပွဲအနေနဲ့ ဧယာရွှေမြေ၊ မနောမြေ၊ နေပြည်တော် F.C တို့နဲ့ ကစားထားပြီး မနောမြေကို အနိုင်ရထားကာ နှစ်ပွဲ သရေကျထားပါတယ်။

သူတို့ပါဝင်

ကမ္ဘောဇအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဦးမိုးဆန်းအောင်၊ CEO အဖြစ် ဦးခင်မောင်ကြိုင်၊ DY-CEO အဖြစ် ဦးဝင်းမြင့်ဦး၊ အုပ်ချုပ်သူအဖြစ် ဦးမောင်မောင်လောက်၊ နည်းစနစ် ဒါရိုက်တာအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဦးသန်းထိုက်၊ လက်ထောက်နည်းပြများအဖြစ် ဦးဟန်ထွန်း၊ ဦးအောင်ထွန်းထွန်း၊ ဦးသိန်းထွန်းသိန်း၊ အားကစားသမားများအဖြစ် **ဂိုး**-ကျော်ဇင်ထက်၊ဖြိုးမင်းမောင်၊ရဝေဇင်၊**နောက်တန်း**-ဘုဏ်လွင်၊ မိုးဝင်း၊ ဝင်းမင်းထွဋ်၊ ဟန်ဝင်းအောင်၊ ဇင်မင်းထွန်း၊ ထွန်းထွန်းနိုင်၊ အောင်သက်ပိုင်၊ မင်းမင်းထွန်း၊ မျိုးမြင့်အောင်၊ **အလယ်တန်း**-ခင်မောင်လွင်၊ အောင်ကျော်ဦး၊ အေးဆန်း၊ နေဇော်ထက်၊ စည်သူအောင်၊ နေဝင်းအောင်၊ ထက်အောင်၊ သူရိန်စိုး၊ အောင်သန်းဝင်း၊ ရဲမောင်မောင်၊ ကျော်ရာဇာစိုး၊ **ရှေ့တန်း**-စိုးမြတ်မင်း၊ စိုးမင်းဦး၊ ကျော်သီဟနဲ့ စထက်နိုင်ဝင်း တို့ပါဝင်ကြပါတယ်။ ။ **(မြန်မာ့အလင်း)**



ကွင်းလယ်ခံစစ် ကစားသမား အေးဆန်း။ (မြန်မာ့အလင်း)

ဗီယက်နမ်သို့ သွားရောက်ကစားမည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားထွက်ခွာ

ရန်ကုန် မတ် ၆

ဗီယက်နမ်နိုင်ငံ DUC LONG CLUB အသင်းသို့ သွားရောက်ကစားမည့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းမှ ဘော်လီဘော အားကစားသမား ကျော်စွာဝင်း **(ယာပုံ)**သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမား ကျော်စွာဝင်းသည် မတ် ၆ရက်မှ ၂၂ရက်အထိ ဗီယက်နမ်နိုင်ငံ DUC LONG CLUB အသင်းသို့ သွားရောက်ကစားစဉ် ကာလအတွင်း လစာအဖြစ် အမေရိကန်ဒေါ်လာ ၂၅၀၀ ရရှိမည်ဖြစ်သည်။ ကျော်စွာဝင်းသည် ပြည်ပနိုင်ငံသို့ ထွက်ကစားသည့် ဒုတိယမြောက် မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမား တစ်ဦးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမက (၈) မြောက်ဥက္ကလာ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၆

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၈) အခြေခံပညာ မူလတန်းကျောင်း၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ငမိုးရိပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက် (၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်နိုင်

အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူ ဖုန်း-၀၁-၇၃၀-၁၀၅၁၅၊ ဥက္ကဋ္ဌ ဦးဝင်းကြည် ဖုန်း-၀၉-၅၄-၀၃၉၁၃၊ အတွင်းရေးမှူး ဦးကြည်သိန်း ဖုန်း-၀၁-၇၃၀-၁၀၄၇၆၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၂၉၁၀၂၊ ဘဏ္ဍာရေးမှူး ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀-၀၉၈၉၇နှင့် တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၁၁၈)

မြန်မာစက်မှုပြပွဲ ၂၀၁၀ TOKYO PIPE ပါဝင်ပြသ

ရန်ကုန် မတ် ၆

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ မြန်မာစက်မှုပြပွဲ ၂၀၁၀ကို ပြသလျက်ရှိရာ TOKYO PIPE ပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။ **(အပေါ်ပုံ)**

ထုတ်လုပ်ပြသထား

အဆိုပါပြခန်း၌ TOKYO UPVC PIPE(.၅)လက်မဆိုဒ်မှ ၂၄လက်မ ဆိုဒ်အထိ ပြသထားသည်။ UPVC PIPE များကို အဆောက်အအုံ ရေပေးဝေရေး၊ မြေအောက်ရေရရှိရေး၊ ဆည်မြောင်း စိုက်ပျိုးရေးလုပ်ငန်းသုံးနှင့် အထွေထွေသုံး အစရှိသော လုပ်ငန်းအသုံးပြု UPVC PIPE နှင့် ပိုက်ဆက်ပစ္စည်း Pressure PIPE (ကြိုးပိုက်) ပလတ်စတစ်ကုန်ကြမ်း(ကော်စေ့) အမျိုးမျိုးတို့ကို ထုတ်လုပ်ပြသထားသည်။ ၎င်းအပြင် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေသုံးရန် H.D.P.E PIPE များကို (.၅)ဆိုဒ်မှ ၂၄ လက်မအထိ ထုတ်လုပ်ပြသထားသည်။ လျှပ်စစ်လုပ်ငန်းသုံးရန် Electrical ပိုက်နှင့် Electrical Fitting များကို ထုတ်လုပ်ပြသထားသည်။ ထို့အပြင် TOKYO UPVC PIPE များကို နှစ်လက်မဆိုဒ်မှ ၂၄ လက်မ အထိ Rubber Ring End Socket ဖြင့် ထပ်မံ၍ ထုတ်လုပ်ပြသထားသည်။

ပြသထား

အဆိုပါပြခန်းတွင် Maxi Beauty Soap နှင့် နိုင်ငံခြားမှတင်သွင်းထားသော Imperial Leather Soap နှင့် Imperial Leather Product များနှင့် Kyoto Midea Brand Electric များကို ပြသထားသည်။ ထို့အပြင် စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့မှ တင်သွင်းထားသော Wire Cable များကိုလည်း ပြသထားသည်။ ဖော်ပြပါပစ္စည်းများအတွက် အရောင်းပြခန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ကမ္ဘာအေးဘုရားလမ်း အမှတ် ၅၂၀ ဖုန်း-၅၅၉၇၄၄ တွင် ပြသထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **ဖောင်ပိတ်အားကစားသတင်း**

အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲ ပို့စ်မောက်တို့ တက်ရောက်နိုင်ပြီ

လန်ဒန် မတ် ၆

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၆ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပို့စ်မောက်တို့ အိမ်ကွင်း၌ ဘာမင်ဂမ်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ပို့စ်မောက်အသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို တိုက်စစ်မှူး ပီကွိုင်းနီက ပွဲချိန် ၆၇မိနစ်နှင့် မိနစ် ၇၀တို့တွင် အနီးကပ် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယုံကြည်မှုရှိလာ

ပို့စ်မောက်တို့ ယင်းအနိုင်ပွဲကြောင့် ယခုနှစ် ပရီမီယာလိဂ်တွင် ရှုန်းကန်ကြိုးစားနေရသော်လည်း ပရိသတ်များ၏ အသင်းအပေါ် ယုံကြည်မှုများ ရှိလာသည်။

ပို့စ်မောက်အသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ပီကွိုင်းနီက ဤသို့ သွင်းယူခဲ့သည်။ (ဓာတ်ပုံ အင်တာနက်)

ပရီမီယာလိဂ်ထိပ်သီးသုံးသင်း အားပြိုင် မန်ယူတို့ ဇယားထိပ်၌ ဦးဆောင်လာပြန်

လန်ဒန် မတ် ၆

ပရီမီယာလိဂ်ပွဲစဉ် (၂၉) ဘောလုံးပြိုင်ပွဲများ မတ် ၆ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်တို့အိမ်ကွင်း၌ ဘန်လေကို သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယားထိပ်ဆုံး သုံးသင်းစာရင်းဝင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ဖာဘရီဂတ်စ်က ပွဲစပြီး ၃၄မိနစ်အကြာ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးကို ဘန်လေကစားသမား ဒေးဗစ်နူးဂျင့်က ဒုတိယပိုင်းတွင် ချေပခဲ့သည်။

ဒုတိယပိုင်းတွင် အာဆင်နယ်တိုက်စစ်ပြန်ကောင်းလာပြီး တိုက်စစ်မှူး ဝေါလ်ကော့က အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်အတွက် တတိယအနိုင်ဂိုးကို အာရှာဗင်က ပွဲသိမ်းလေလွှင့်ချိန် နောက်ဆုံးမိနစ်တွင် သွင်းယူသွားသည်။

ထိုနေ့က ဘော်လ်တန်တို့ ဝက်စ်ဟမ်းအသင်း အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ယင်းအနိုင်ပွဲသည် ဘော်လ်တန်တို့ စက်တင်ဘာလနောက်ပိုင်း ပထမဆုံး အဝေးကွင်း၌ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ အဝေးကွင်းပွဲစဉ်အဖြစ် ဝူဗာဟမ်တန်နှင့် ပွဲတွင် မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်၍ ဇယားထိပ်ဆုံးသို့ ရောက်လာခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုးစုစည်းသည်

✻ ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်သူများအတွက် လျှပ်စစ်မီးပေးဝေနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများ မဟာဓာတ်အားလိုင်း သွယ်တန်းရေးလုပ်ငန်းခွင်၌ ဤသို့ သက်စွန့်ဆံဖျား ကြိုးပမ်းလုပ်ကိုင်နေကြသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အမှတ် (၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

အစီအစဉ်အရ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း(၅)ခုနှင့် ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း (၇)ခုတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဖော်ဆောင်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောင်ရွက်မည့် စီမံကိန်းများအနက် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း(၅)ခုမှာ လျှပ်စစ်ဓာတ်အား ၂၉မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၆မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ကချင်ပြည်နယ်ရှိ ထာခ ရေအားလျှပ်စစ်စီမံကိန်း၊ ၉မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် တနင်္သာရီတိုင်းရှိ အညာဖျား ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၂၇၀ ထုတ်လုပ်နိုင်မည့် ရန်ကုန်တိုင်းရှိ ရန်ကုန် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ၆မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် တနင်္သာရီတိုင်းရှိ ကော့သောင်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတို့ဖြစ်သည်။

ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း(၇)ခုမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်နိုင်မည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နောင်ဖ/ မန်တောင်း ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်မည့် ကယားပြည်နယ်ရှိ ရွာသစ်ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၁၀ ထုတ်လုပ်နိုင်မည့် ကယားပြည်နယ်ရှိ နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၁၃၀ ထုတ်လုပ်နိုင်မည့် ကယားပြည်နယ်ရှိ နမ့်ပွန်ရေအားလျှပ်စစ်စီမံကိန်း၊ ၁၀၅၅မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ကချင်ပြည်နယ်ရှိ နော်ချမ်းခရေအားလျှပ်စစ်စီမံကိန်း၊ ၄၅၂မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နမ့်လွေရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၂၀၀ ထုတ်လုပ်နိုင်မည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နမ့်ခရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်သည်။ အဆိုပါ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီမံကိန်း (၁၂)ခု တည်ဆောက်ပြီးစီးပါက ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့် ဒေသတွင်း ဓာတ်အားကွန်ရက်အတွင်းသို့ ထည့်သွင်းပေးမည်ဖြစ်သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ခင် မောင် မြင့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်၏ ရေအရင်းအမြစ်များကို အသုံးချ၍ လျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို အကောင်အထည်ဖော်လျက်ရှိရာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်မည့် စီမံကိန်းပေါင်း (၂၆)ခု ရှိသည်။ ယင်း(၂၆)ခုအနက် အကောင်အထည်ဖော်ပြီးသော စီမံကိန်းတစ်ခုမှာ မဂ္ဂါဝပ် ၆၀၀ရှိသော ရွှေလီ(၁) စီမံကိန်းဖြစ်ပြီး ကျန်ရေအားလျှပ်စစ်စီမံကိန်း (၂၅)ခုမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁)	ရွှေလီ(၂)	မဂ္ဂါဝပ်	၆၄၀
(၂)	နော်ချမ်းခ	မဂ္ဂါဝပ်	၁၀၅၅
(၃)	ရေဝတီမြစ်ဆုံ	မဂ္ဂါဝပ်	၄၁၀၀
(၄)	ယီနန်	မဂ္ဂါဝပ်	၁၂၀၀
(၅)	ခေါင်လံဖူး	မဂ္ဂါဝပ်	၂၇၀၀
(၆)	ဖီဇော	မဂ္ဂါဝပ်	၂၀၀၀
(၇)	ဝူဆောက်	မဂ္ဂါဝပ်	၁၈၀၀
(၈)	ချီဖွေ	မဂ္ဂါဝပ်	၂၈၀၀
(၉)	ချီဖွေငယ်	မဂ္ဂါဝပ်	၉၉
(၁၀)	လိုက်ဇာ	မဂ္ဂါဝပ်	၁၉၀၀
(၁၁)	တာပိန်(၁)	မဂ္ဂါဝပ်	၂၄၀
(၁၂)	တာပိန်(၂)	မဂ္ဂါဝပ်	၁၆၈
(၁၃)	လေးမြို့	မဂ္ဂါဝပ်	၅၀၀
(၁၄)	ရွာသစ်	မဂ္ဂါဝပ်	၆၀၀
(၁၅)	နမ့်တဘက်	မဂ္ဂါဝပ်	၁၁၀
(၁၆)	နမ့်ပွန်	မဂ္ဂါဝပ်	၁၃၀
(၁၇)	ထမံသိ	မဂ္ဂါဝပ်	၁၂၀၀
(၁၈)	ရွှေစာရေး	မဂ္ဂါဝပ်	၆၆၀
(၁၉)	နောင်ဖ/မန်တောင်း	မဂ္ဂါဝပ်	၁၂၀၀
(၂၀)	အထက်သံလွင်(ကွမ်းလုံ)	မဂ္ဂါဝပ်	၁၄၀၀
(၂၁)	နမ့်လွေ	မဂ္ဂါဝပ်	၄၅၂
(၂၂)	နမ့်ခ	မဂ္ဂါဝပ်	၂၀၀
(၂၃)	တာဆန်း	မဂ္ဂါဝပ်	၇၁၁၀
(၂၄)	ဟတ်ကြီး	မဂ္ဂါဝပ်	၁၃၆၀
(၂၅)	တနင်္သာရီ	မဂ္ဂါဝပ်	၆၀၀

စာမျက်နှာ ၈ ကော်လံ ၁သို့

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ရန် စီစဉ်ထားသော စီမံကိန်း (၂၇)ခု၏ စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်စွမ်းအားမှာ ၃၅၃၆၄ မဂ္ဂါဝပ်ခန့်ရှိပြီး ခန့်မှန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ဒေါ်လာသန်း ၃၈၅၈၄ ခန့်ရှိ၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ခွင့်ပြုခဲ့ပြီးနောက် ဆောင်ရွက်ပြီးသော ရေအားလျှပ်စစ်စီမံကိန်း (၉)ခု၊ ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း (၃၆)ခုရှိ။

နိုင်ငံတော်က လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဖူလုံစေရန်အတွက် စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက်နေသည့် လျှပ်စစ်ဓာတ်အား စုစုပေါင်း မဂ္ဂါဝပ် ၇၉၀ရရှိမည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

7-3 (07).pmd 1 3/7/2010, 3:25 AM

ဖွံ့ဖြိုးရေးစီမံကိန်းများ ထိရောက်အောင်မြင်လျှင် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်သွယ်မှုဧ

အပြန်အလှန် ပူးပေါင်းထိတွေ့ဆောင်ရွက်မှု များပြားကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ဧ

စာမျက်နှာ ၇ မှ

ထို့အပြင် ကျောက်မီးသွေးကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် မဂ္ဂါဝပ် ၅၄၀ရှိ လျှပ်စစ်စက်ရုံ နှစ်ရုံကိုလည်း ရန်ကုန်မြို့၌ တည်ဆောက်ရန် ညှိနှိုင်းစီစဉ်လျက်ရှိသည်။

ဆောင်ရွက်ဆဲရေအားလျှပ်စစ်စီမံကိန်း

ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့်ဆောင်ရွက်ရန် စီစဉ်ထားသော စီမံကိန်း(၂၇)ခု၏ စုစုပေါင်း ဓာတ်အားထုတ်လုပ်နိုင်စွမ်းအားမှာ ၃၅၃၆၄မဂ္ဂါဝပ် ခန့်ရှိပြီး ခန့်မှန်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ဒေါ်လာသန်း ၃၈၅၈၄ခန့် ရှိသည်။ ထို့အပြင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က ခွင့်ပြုခဲ့ပြီးနောက် ဆောင်ရွက်ပြီးသော ရေအားလျှပ်စစ်စီမံကိန်း (၉)ခု၊ ဆောင်ရွက်ဆဲ ရေအား လျှပ်စစ်စီမံကိန်း (၃၆)ခု ရှိသည်။

ယင်းနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က မဟာဓာတ်အားလိုင်း စီမံကိန်း (၉)ခု၊ ပင်မဓာတ်အားခွဲရုံ စီမံကိန်း(၁၀)ခုနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အကြီးစားပြုပြင်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးမှု ပိုမိုကောင်းမွန်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် မဟာဓာတ်အားလိုင်းစီမံကိန်းများမှာ ပန်လုံ-နမ့်ဆန် ၆၆ကေဗွီဓာတ်အားလိုင်း ၁၈မိုင် တည်ဆောက်ရေး စီမံကိန်း၊ ကျောက်ပုထိုး-ရွှေဂူ-ဗန်းမော် ၆၆ကေဗွီဓာတ်အားလိုင်းမှ နဘားဓာတ်အားခွဲရုံသို့ အဝင်အထွက်ဓာတ်အားလိုင်း ၃မိုင်စီမံကိန်း၊ လက်ရှိ ကျွန်းချောင်း-ပခုက္ကူ ၆၆ကေဗွီ ဓာတ်အားလိုင်း(မြစ်ခြေအနီး)မှ ကမ္ဘသို့ ၆၆ကေဗွီဓာတ်အားလိုင်း ၉ဒသမ၅ မိုင် စီမံကိန်း၊ လားရှိုး-သိန်းနီ ၆၆ကေဗွီဓာတ်အားလိုင်း ၃၄မိုင် စီမံကိန်း၊ လှိုင်သာယာ-အလုံ ၂၃၀ ကေဗွီ Twin Bundle, Single Circuit မဟာဓာတ်အားလိုင်း ၁၅မိုင် စီမံကိန်း၊ လှိုင်မြစ်ကျော်(အလုံ) ၂၃၀ ကေဗွီ Twin Bundle, Single Circuit မဟာဓာတ်အားလိုင်း ၀ဒသမ ၉မိုင်စီမံကိန်း၊ သထုံ-မော်လမြိုင် Twin Bundle, Single Circuit မဟာဓာတ်အားလိုင်း မိုင် ၆၀ စီမံကိန်း၊ နဘား-မိုးညှင်း ၆၆ကေဗွီဓာတ်အားလိုင်း မိုင် ၄၀စီမံကိန်းနှင့် မိုးညှင်း-မိုးကောင်း ၆၆ကေဗွီဓာတ်အားလိုင်း ၅၅မိုင် စီမံကိန်းတို့ဖြစ်သည်။

ပြည်နယ်နှင့် တိုင်းအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် အမျိုးသားရထားလမ်းကွန်ရက်ကြီး (National Railway Network) ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ လက်ရှိကာလတွင် ကြံခင်း - ပခုက္ကူရထားလမ်း၊ ပျော်ဘွယ်-နတ်မောက် - မကွေး ရထားလမ်း၊ ကသာ-ဗန်းမော် ရထားလမ်း၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း၊ ထားဝယ်-မြိတ် ရထားလမ်းနှင့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း (၆)ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ရန်ကုန်မြို့ကို ဆက်သွယ်ပေးမည့် ပုသိမ် (ဘဲဂရက်) - အိမ်မဲ - ညောင်တုန်း - ရန်ကုန် ရထားလမ်းကိုလည်း စတင်ဖောက်လုပ်လျက်ရှိ။ အဆိုပါလမ်းမှာ ခရီးမိုင် ၈၉မိုင်ခန့် ရှိပြီး အိမ်မဲ၊ ပန်းတနော်နှင့် ညောင်တုန်း မြို့များကို ဖြတ်သန်းဖောက်လုပ်မည်။

ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ယင်းမဟာဓာတ်အားလိုင်း စီမံကိန်း (၉)ခုအနက် ပန်လုံ-နမ့်ဆန် ဓာတ်အားလိုင်းစီမံကိန်းကို တည်ဆောက်ပြီးစီးပြီး အခြားမဟာဓာတ်အားလိုင်း စီမံကိန်း (၃)ခုကို တည်ဆောက်နေဆဲဖြစ်သည်။ ကျန်မဟာဓာတ်အားလိုင်း စီမံကိန်း (၅)ခုကို ဆက်လက်အကောင်အထည်ဖော်သွားရန် စီစဉ်လျက်ရှိသည်။

ဓာတ်အားခွဲရုံများတည်ဆောက်

ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းများမှာ နမ့်ဆန် ၆၆/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ စီမံကိန်း၊ နဘား ၆၆/၃၃/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်း၊ ကမ္ဘဓာတ်အားပေးစက်ရုံတွင် ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်း၊ သိန်းနီ ၆၆/၃၃ကေဗွီ၊ ၁၀အမ်ဗွီအေ ဓာတ်အားခွဲရုံ စီမံကိန်း၊ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံတွင် Substation Bay Extension တစ်ခု တိုးချဲ့တည်ဆောက်ခြင်းစီမံကိန်း၊ အလုံ ၂၃၀/၃၃ကေဗွီ၊ ၂ × ၁၀၀ အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံစီမံကိန်း၊ သထုံဓာတ်အားပေးစက်ရုံတွင် ၂၃၀ ကေဗွီ Switch Bay တစ်ခု တိုးချဲ့တည်ဆောက်ခြင်းစီမံကိန်း၊ မော်လမြိုင်တွင် ၂၃၀/၆၆/၁၁ကေဗွီ၊ ၂ × ၅၀အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံစီမံကိန်း၊ မိုးညှင်း ၆၆/၁၁ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းနှင့် မိုးကောင်း ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံ စီမံကိန်းတို့ဖြစ်သည်။ ယင်းစီမံကိန်း (၁၀)ခုအနက် နမ့်ဆန်ဓာတ်အားခွဲရုံစီမံကိန်းကို တည်ဆောက်ပြီးစီးခဲ့ပြီး နဘား၊ ကမ္ဘနှင့် သိန်းနီဓာတ်အားခွဲရုံများကို တည်ဆောက်နေဆဲဖြစ်သည်။

အကြီးစားပြုပြင်မည့် ဓာတ်အားပေးစက်ရုံများမှာ ရွာမဓာတ်အားပေးစက်ရုံ စက်အမှတ်(၃)၊ အလုံဓာတ်အားပေးစက်ရုံ စက်အမှတ်(၁)၊ လှော်ကားစွန့်ပစ်အပူသုံး ရေနွေးငွေ့တာဘိုင်၊ အလုံ စွန့်ပစ် အပူသုံးရေနွေးငွေ့တာဘိုင်၊ သာကေတ စွန့်ပစ် အပူသုံးရေနွေးငွေ့တာဘိုင်၊ လှော်ကားဓာတ်အားပေးစက်ရုံ၊ သာကေတဓာတ်အားပေးစက်ရုံ၊ ကျွန်းချောင်းဓာတ်အားပေးစက်ရုံ စက်အမှတ် (၃)၊ ရွှေတောင်ဓာတ်အားပေးစက်ရုံ၊ မြန်အောင်ဓာတ်အားပေးစက်ရုံ၊ မော်လမြိုင်ဓာတ်အားပေး ရေနွေးငွေ့တာဘိုင်စက်ရုံနှင့် သထုံဓာတ်အားပေးစက်ရုံတို့ဖြစ်သည်။

ပို့လွှတ်ဖြန့်ဖြူး

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက **မုတ္တမကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ကွက်များမှ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးဆိုင်ရာ ကိစ္စရပ်များ၊ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ်M-9၊ ဇောတိကစီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့**

စွမ်း အင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ် မှူး ချုပ် လွန်းသီ ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

များကို ထိုင်းနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်းရောင်းချရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းနှင့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်း စီမံကိန်းမှာ ပဲခူးရိုးမ အနောက်ဘက်ခြမ်းရှိ ပြည်(ရွှေတံခါး)မှ အရှေ့ဘက်ခြမ်းရှိ တောင်ငူ(ကျေးတော)-နေပြည်တော်သို့ ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်မည့် စီမံကိန်းဖြစ်သည်။ ရထားလမ်းအရှည် မိုင် ၁၂၀ခန့်ရှိပြီး ပေါင်းတလည်နှင့် ပေါက်ခေါင်းမြို့များကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်။

အထောက်အကူပြု

ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့အတွက် ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း ရထားလမ်းကို ဖောက်လုပ်မည်ဖြစ်ပြီး ရန်ကုန်-ပုသိမ် ရထားလမ်းနှင့် ဧရာဝတီတံတား (ညောင်တုန်း)တွင် ပေါင်းဆုံမည်ဖြစ်သည်။ ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက လက်ရှိရထားလမ်းများနှင့် ဆက်စပ်ပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်-ဟင်္သာတ-ကြံခင်း-ပခုက္ကူ-ကလေးအထိ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်းလမ်းသည် ခရီးမိုင် ၄၈မိုင်ခန့်ရှိပြီး ဇလွန်နှင့် ဓနုဖြူ မြို့များကို ဖြတ်သန်းမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် **အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ လမ်းညွှန်ချက်အရ ပြည်နယ်နှင့်တိုင်းအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် အမျိုးသားရထားလမ်းကွန်ရက်ကြီး (National Railway Network)ကို တည်ဆောက် အကောင်အထည်ဖော်လျက် ရှိရာ လက်ရှိကာလတွင် ကြံခင်း-ပခုက္ကူရထားလမ်း၊ ပျော်ဘွယ်-နတ်မောက်-မကွေး** ရထားလမ်း၊ ကသာ-ဗန်းမော်ရထားလမ်း၊ မိုး
ထားဝယ်-မြိတ် ရထားလမ်းနှင့် မင်းဘူး-အမ်း-စစ်
ရေး စီမံကိန်း (၆)ခုကို အကောင်အထည်ဖော်
ထို့အတူ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ရန်ကု
ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်
ဖောက်လုပ်လျက်ရှိသည်။ အဆိုပါလမ်းမှာ ခရီး
ပန်းတနော်နှင့် ညောင်တုန်းမြို့များကို ဖြတ်သ

ရထားလမ်းခရီးမိုင်တိုး

၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ ရထားလမ်းခ
တည်ဆောက်နိုင်သဖြင့် ယခုအခါ ရထားလမ်း
အထိ ရှိနေပြီဖြစ်သည်။ ယခင်က တံတားကြီး/
ယခု စင်း ၁၀၇၆၀၊ ယခင်က ဘူတာပေါင်း
ဘူတာအထိ တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍
အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်

ပြည်သူများ ခရီးသွားလာမှု ပိုမိုအဆင်ပြေ
ဝန်ကြီးဌာန မြန်မာ့မီးရထားက ရထားလမ်းသ
ယမ်းလုလမ်းပိုင်းတွင် စက်ယန္တရားများဖြင့်



တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရန် စွမ်းအင်ကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မုတ္တမကမ်းလွန်ဒေသရှိ ရဲတံခွန် သဘာဝဓာတ်ငွေ့နှင့် ရေနံတူးစင်မှ ဤသို့ ရှာဖွေဖော်ထုတ်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

■ မုတ္တမကမ်းလွန် လုပ်
စီမံကိန်းမှ ထွက်ရှိလာ
နိုင်ငံသို့ ပိုက်လိုင်း
အထည်ဖော် ဆောင်
■ ပြည်တွင်းရှိ သဘာဝ
စက်ရုံများနှင့် မြန်
သဘာဝဓာတ်ငွေ့များ
သဘာဝဓာတ်ငွေ့ပိုက်

ကူးလူးဆက်သွယ်မှုကောင်းမွန် ...တ်ဓာတ် ပိုမိုရှင်သန်လာမည်

ရထားလမ်း၊ ကသာ-ဗန်းမော်ရထားလမ်း၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း၊ ထားဝယ်-မြိတ် ရထားလမ်းနှင့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း (၆)ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ရန်ကုန်မြို့ကို ဆက်သွယ်ပေးမည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းကိုလည်း စတင်ဖောက်လုပ်လျက်ရှိသည်။ အဆိုပါလမ်းမှာ ခရီးမိုင် ၈၉မိုင်ခန့်ရှိပြီး အိမ်မဲ၊ ပန်းတနော်နှင့် ညောင်တုန်းမြို့များကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်။

ရထားလမ်းခရီးမိုင်တိုးချဲ့

၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ ရထားလမ်းခရီးမိုင် ၁၃၈၁မိုင်ကျော် တိုးချဲ့တည်ဆောက်နိုင်သဖြင့် ယခုအခါ ရထားလမ်းခရီးမိုင်ပေါင်း ၃၃၅၇ကျော်အထိ ရှိနေပြီဖြစ်သည်။ ယခင်က တံတားကြီး/တံတားငယ် စင်း ၅၆၅၀မှ ယခု စင်း ၁၀၇၆၀၊ ယခင်က ဘူတာပေါင်း ၄၈၇ ဘူတာမှ ယခု ၈၅၈ ဘူတာအထိ တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးမှု ပိုမိုကောင်းမွန်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအနက် မဟာဓာတ်အားလိုင်းစီမံကိန်းများမှာ ပန်လုံ - နမ့်ဆန် ၆၆ကေဗွီဓာတ်အားလိုင်း ၁၈မိုင် တည်ဆောက်ရေး စီမံကိန်း၊ ကျောက်ပုထိုး - ရွှေဂူ - ဗန်းမော် ၆၆ကေဗွီဓာတ်အားလိုင်းမှ နဘား ဓာတ်အားခွဲရုံသို့ အဝင်အထွက်ဓာတ်အားလိုင်း ၃မိုင်စီမံကိန်း၊ လက်ရှိ ကျွန်းချောင်း - ပခုက္ကူ ၆၆ကေဗွီ ဓာတ်အားလိုင်း(မြစ်ခြေအနီး)မှ ကမ္မသို့ ၆၆ကေဗွီဓာတ်အားလိုင်း ၉ဒသမ ၅မိုင် စီမံကိန်း၊ လားရှိုး-သိန်းနီ ၆၆ကေဗွီဓာတ်အားလိုင်း ၃၄မိုင် စီမံကိန်း၊ လှိုင်သာယာ - အလုံ ၂၃၀ ကေဗွီ Twin Bundle, Single Circuit မဟာဓာတ်အားလိုင်း ၁၅မိုင် စီမံကိန်း၊ လှိုင်မြစ်ကျော်(အလုံ) ၂၃၀ ကေဗွီ Twin Bundle, Single Circuit မဟာဓာတ်အားလိုင်း ဝဒသမ ၉မိုင်စီမံကိန်း၊ သထုံ-မော်လမြိုင် Twin Bundle, Single Circuit မဟာဓာတ်အားလိုင်း မိုင် ၆၀ စီမံကိန်း၊ နဘား-မိုးညှင်း ၆၆ကေဗွီဓာတ်အားလိုင်း မိုင် ၄၀စီမံကိန်းနှင့် မိုးညှင်း-မိုးကောင်း ၆၆ကေဗွီဓာတ်အားလိုင်း ၅၅မိုင် စီမံကိန်း။

ပြည်သူများ ခရီးသွားလာမှု ပိုမိုအဆင်ပြေစေရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရထားလမ်းသစ်များ ဖောက်လုပ်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ-ယမ်းလုလမ်းပိုင်းတွင် စက်ယန္တရားများဖြင့် မြေသားလုပ်ငန်း ဤသို့ ဆောင်ရွက်လျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

■ မုတ္တမကမ်းလွန် လုပ်ကွက် အမှတ် M-9 ၊ ဇော်တိက စီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို ထိုင်းနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်းရောင်းချရေး အကောင်အထည်ဖော် ဆောင်ရွက်နေ။

■ ပြည်တွင်းရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်။

ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းအလိုက် လိုအပ်ချက်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် တိုင်းပြည်၏ဖွံ့ဖြိုးမှု၊ တိုင်းပြည်၏ခေတ်မီမှုကို ရှေးရှုသော စီမံကိန်းများကို မြန်မြန်ထက်ထက် အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားစေလိုကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးမှုအားနည်းနေသော ဒေသများ၌ အကောင်အထည်ဖော်မည့် စီမံကိန်းများကို ဖြစ်နိုင်သမျှ မြန်မြန်ပြီးစီးအောင် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဤနေရာ၌ စီးပွားရေး တွက်ခြေမကိုက်ဘဲ အရှုံးပေါ်လျက်ရှိသော နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို စီးပွားရေးတွက်ခြေကိုက်လာအောင် နည်းလမ်းများ ရှာကြံပြုပြင်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် နိုင်ငံပိုင်စက်ရုံများအနက် စက်စွမ်းအားပြည့် မလည်ပတ်နိုင်ဘဲ အရှုံးပေါ်လျက်ရှိသော စက်ရုံများ၏ အခြေအနေကို ပြန်လည်စိစစ် သုံးသပ်ပြုပြင်ကြရန် လိုကြောင်း။

ကိုယ့်ခွန်ကိုယ့်အားကို အားကိုး

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာ၌ ကိုယ့်ခွန်ကိုယ့်အားကို အားကိုး၍ တည်ဆောက်ရမှာဖြစ်ကြောင်း၊ မိမိအင်အားကို အားကိုးနိုင်ရန် မိမိ၏ စွမ်းအားစွမ်းရည်များကို တိုးတက်အောင် တည်ဆောက်ရမှာဖြစ်ကြောင်း၊ ကိုယ့်စွမ်းအင်ကို တည်ဆောက်၍ ကိုယ့်အားကိုယ်ကိုးနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာမှာဖြစ်ကြောင်း၊ ရှေ့ဆက်ပြီး ကိုယ့်နိုင်ငံတော်ကို တည်ဆောက်သွားကြရမည့် လုပ်ငန်းများ ကျန်ရှိနေသေးကြောင်း။

ချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း အောင်မြင်အောင် ချိတ်ဆက်အကောင်အထည်ဖော်သွားရန် အရေးကြီးကြောင်း၊ ဖွံ့ဖြိုးရေး စီမံကိန်းများ ထိရောက်အောင်မြင်လျှင် မိမိတို့တိုင်းရင်းသားများ အချင်းချင်း အပြန်အလှန် ကူးလူးဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး အပြန်အလှန် ပူးပေါင်းထိတွေ့ဆောင်ရွက်မှုများပြားကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်လာမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **သညာအသိနှင့် ပညာအသိ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၆:၅၀ ဖူးရောက်စေချင်သည် ဗန္ဒိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနား
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၂)
- ၈:၃၀ Sports World (Sunday Special)
- ၈:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ဟုတ်နေတာပဲ**
- ၉:၂၅ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၁၀:၂၀ မခန်းသောစမ်းရေ···· (ရန်ကုန်တက္ကသိုလ် ရက္ခဗေဒ ဘွဲ့ရများ၏ မြတ်ဆရာပူဇော်ပွဲ)
- ၁၀:၄၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၁၀:၅၅ တွေ့ဆုံကြည်နူးမှုများမှသည်··· ဂါရဝဆီသို့
- ၁၁:၂၅ **အထင်** ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ ဆုထက်ကုဋေ၊ ချစ်ပု (ဒါရိုက်တာ-မီးပွား)
- ၁၁:၄၅ Activities in the City (ဟသံာတအသင်းတိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနား)
- ၁၂:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (နုနုလွင်၏ တေးများ)
- ၁၂:၃၀ ဗီဒီယိုပြခန်း
- ၁၂:၅၀ သီးနှံစိုက်ပျိုးအထွက်တိုး **မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ**
- ၁:၀၀ **သညာအသိနှင့် ပညာအသိ** တရားတော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၁:၅၀ ဖူးရောက်စေချင်သည် ဗန္ဒိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (စကားများများပြောတာ ကောင်းတယ်၊ စကားများများမပြောတာ ကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၂)
- ၄:၁၀ **မင်းမသိသေးပါဘူးကွာ** ဇေရာ၊ ၄က်ပျော်ကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၄:၂၀ Parkway Health မှ နှလုံးနှင့် အဆုတ် အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း
- ၄:၄၅ မခန်းသောစမ်းရေ···· (ရန်ကုန်တက္ကသိုလ် ရက္ခဗေဒ ဘွဲ့ရများ၏ မြတ်ဆရာပူဇော်ပွဲ)
- ၅:၀၅ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Milestones of Contemporary Music Selection
- ၆:၄၅ **အထင်** ထွန်းထွန်းဝင်း၊ ခင်သီတာထွန်း၊ ဆုထက်ကုဋေ၊ ချစ်ပု (ဒါရိုက်တာ-မီးပွား)
- ၇:၀၅ FA Cup Preview
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (စကားများများပြောတာ ကောင်းတယ်၊ စကားများများမပြောတာ ကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၂)
- ၁၀:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (နုနုလွင်၏ တေးများ)
- ၁၀:၁၅ FA Cup (Chelsea Vs Stoke City)
- ၁၂:၁၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ရေပုတ်သင်မွေးမြူရေး)
- ၁၂:၃၀ မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း
- ၁၂:၄၅ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၀:၂၅	Everton- Hull City	ESPN (Live)

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၀၀	Reading- Aston Villa	Star Sports (Live)
၁၀:၁၅	Chelsea -Stoke City	Star Sports (Live)

ခြိမ့်ခြိမ့်သဲသဲ စိတ်ဝင်စားဖွယ် မြန်မာစက်မှုပြပွဲ

စက်မှုသတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် မတ် ၆

မြန်မာစက်မှုပြပွဲ ဒုတိယနေ့….။

ပြပွဲကျင်းပရာ ရန်ကုန်မြို့ တပ်မတော်ခန်းမသို့ သတင်းအဖွဲ့ ရောက်ရှိခဲ့သည်။ မြန်မာ့စက်မှု ထုတ်ကုန်များကို ခင်းကျင်းပြသထားသည်မှာ လှေလာ၍ မကုန်နိုင်အောင် ဖြစ်ရသည်။ မိမိတို့ မတွေ့ဖူး၊ မမြင်ဖူးသော စက်ပစ္စည်းများကို တွေ့မြင်ရသဖြင့် မြန်မာစက်မှုကဏ္ဍဖွံ့ဖြိုးလာမှုအပေါ် အားရကျေနပ်နေမိသည်။

"ဆိုလာနဲ့ မီးထွန်းတာဟာ စိတ်ဝင်စားဖို့အကောင်းဆုံးပါပဲ" ကိုနိုင်။

ပြသ

ပြည်တွင်း စက်မှုလုပ်ငန်းများမှ ထုတ်လုပ်ထားသော စက်ပစ္စည်းအစိတ်အပိုင်းများက သပ်ရပ်ပြီး အရည်အသွေး ကောင်းမွန်ကြောင်းတွေ့ရသည်။ ထုတ်လုပ်ထားသော စက်ပစ္စည်း အစိတ်အပိုင်း အလိုက် အမျိုးအမည် အသုံးဝင်မှုနှင့် ခိုင်ခံ့မှုများကို တွေ့ရသည်။ သတ္တုဗေဒ အင်ဂျင်နီယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် ပြခန်းတွင် BOILER CAP GEAR SEGMENT များနှင့် အခြားစက်ပစ္စည်းများကို ပြသထားရာ စက်မှုလုပ်ငန်းများအတွက် အသင့်တပ်ဆင် အသုံးပြုနိုင်သည်ကို တွေ့ရသည်။

မော်တာပန့်များ

လူနေမှုစနစ် ပြောင်းလဲလာသော ယနေ့ကာလတွင် အထပ်မြင့် လူနေတိုက်ခန်းများ၌ နေထိုင်သူများအတွက်နှင့် မြို့ရွာများရေပေးဝေရေးတို့တွင် အသုံးပြုနိုင်သည့် မော်တာပန့်များကို အရွယ်အစားအမျိုးမျိုး ပြသထားသည်ကို တွေ့ရသည်။ ရေဘားအမျိုးမျိုး၊ ရေနွေးသုံးဘားများ၊ ဂိတ်ဘားများ၊ မြေအောက်အနက်အထိ ချထားနိုင်သည့် ပန့်များ၊ ဘွိုင်လာများရေသွင်းသော ပန့်အမျိုးမျိုးကိုလည်း စိတ်ဝင်စားစွာ ပြသထားသည်။ တစ်အိမ်ထောင်ချင်း အသုံးပြုနိုင်သလို ရေပန်းများ၊ မြို့ရွာရေပေးဝေရေးလုပ်ငန်းများအတွက်လည်း အရည်အသွေး ကောင်းမွန်သည့် မော်တာပန့်များကို အသင့်သုံးစွဲနိုင်သည့် အနေအထားဖြင့် ပြသထားသည်ကိုလည်း တွေ့ရသည်။

စိတ်ဝင်စား

မြန်မာစက်မှုပြပွဲတွင် ပြည်တွင်းစက်မှု ထုတ်ကုန်များကို တစ်စုတစ်စည်းတည်း လှေလာတွေ့ရှိရသဖြင့် ပြပွဲပထမနေ့ကထက် ဒုတိယနေ့တွင် ပြည်သူများ စိတ်ဝင်စားစွာ ပိုမိုလာရောက် လှေလာကြသည်ကို တွေ့ရသည်။ ပြခန်း တိုင်းတွင် ပြည်သူများ စုပြုံတိုးဝှေ့ ကြည့်ရှုလှေလာနေကြသည်မှာ မြန်မာ့စက်မှုထုတ်ကုန်များအပေါ် ပြည်သူများ မည်မျှအလေးထား စိတ်ဝင်စားမှုရှိကြောင်း ပြသနေသကဲ့သို့ပင်….။

စက်မှုပြခန်း

မြန်မာစက်မှုပြပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနပြခန်းများကိုလည်း ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ ပြခန်းများ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများမှ ထုတ်လုပ်သော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကို အရည်အသွေးအဆင့်အတန်းမြင့်စွာ ထုတ်လုပ်ထားသဖြင့် ပြည်သူများ လှေလာကြည့်ရှု ဝယ်ယူနေကြသည်ကိုလည်း မြင်တွေ့ရသည်။ ထို့အတူ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများကိုလည်း ပြပွဲလာပြည်သူများ စိတ်ဝင်စားဖွယ် လှေလာကြသည်။

အိမ်သုတ်ဆေး

ပြပွဲတွင် လှိုင်သာယာစက်မှုဇုန်ရှိ စက်ရုံများမှထုတ်လုပ်သော အိမ်သုတ်ဆေးများ၊ ရွှေပြည်သာ၊ ဒဂုံ၊ တောင်ဥက္ကလာစသည့် စက်မှုဇုန်များမှ ထုတ်လုပ်သော စက်ပစ္စည်းအစိတ်အပိုင်းများနှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုးကိုလည်း ပြခန်းများဖြင့် ပြသထားသည်ကို တွေ့ရသည်။ ပလတ်စတစ် ရေတိုင်ကီများ၊ ပလတ်စတစ်ရေပိုက်များ၊ စက်မှုဇုန်များမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများနှင့် လျှပ်စစ်မီးလုံးနှင့် မီးချောင်းအရွယ်အစား အမျိုးမျိုးကိုလည်း လက်တွေ့ မီးထွန်းပြသထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

မေးမြန်း

မြန်မာစက်မှုပြပွဲသို့ ပြည်သူများ စည်ကားများပြားစွာ လာရောက်လှေလာကြည့်ရှုလျက်ရှိရာ ပြပွဲလာပြည်သူများအနက် လူငယ်တစ်ဦးအား တွေ့ဆုံမေးမြန်းရာ "ကျွန်တော့်နာမည်က ကိုနိုင်ဖြစ်ပါတယ်။ လှိုင်သာယာကလာပြီး ပြပွဲကို လှေလာတာပါ။ စက်မှုပစ္စည်းအသစ်တွေ၊ ဆိုလာစွမ်းအင်သုံးစွဲမှုတွေကို တွေ့ရတယ်။ ကျွန်တော်က စက်ပြင်ဆရာဆိုတော့ စက်ပစ္စည်းတွေ ဝယ်သွားမှာပါ"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ထို့နောက် ပြပွဲလာအမျိုးသမီးတစ်ဦးအား ဆက်လက်တွေ့ဆုံမေးမြန်းရာ "ကျွန်မ နာမည်က မမဥ္ဇူဖြစ်ပါတယ်။ လှိုင်မြို့နယ်မှာ နေတာပါ။ လျှပ်စစ်နဲ့ လူသုံးကုန်ပစ္စည်းတွေ စိတ်ဝင်စားလို့ လာရောက်လှေလာတာပါ။ ဒီလို စက်မှုပြပွဲမျိုးတွေ များများကျင်းပ ပေးနိုင်ရင် မြန်မာ့စက်မှုကဏ္ဍ အနေအထားကို ပြည်သူတွေ ပိုပြီးသိရှိလှေလာ သုံးစွဲနိုင်မှာ

"ဒီလိုစက်မှုထုတ်ကုန်ပြပွဲမျိုးများများပြုလုပ်ပေးသင့်ပါတယ်" မမဥ္ဇူ။

ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

မြန်မာစက်မှုပြပွဲကား လှေလာသူများနှင့် စည်ကားလျက်ရှိနေသည်။ မြန်မာ့စက်မှုထုတ်ကုန်များ၏ အရည်အသွေး မြင့်မားမှု၊ ဒီဇိုင်းပုံစံခေတ်မီမှုနှင့် တာရှည်ခိုင်ခံ့မှုများကို လှေလာသိရှိကာ ဝယ်ယူသုံးစွဲနိုင်မည့် အခွင့်အရေးကောင်းဖြစ်ရာ ပြည်သူများ သွားရောက်လှေလာ သင့်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



ဆိုလာစွမ်းအင်ဖြင့် မီးထွန်းနိုင်မှုကို လက်တွေ့ပြသထားမှုကလည်း ဤသို့ စိတ်ဝင်စားဖွယ်….။ (မြန်မာ့အလင်း)

မြန်မာစက်မှုပြပွဲသို့ ပြည်သူများ စည်ကားစွာလာရောက်ကြည့်ရှုလှေလာနေကြသည့် မြင်ကွင်းကလည်း မြန်မာ့စက်မှုထုတ်ကုန်များအပေါ် ပြည်သူများ စိတ်ဝင်စားမှုကို ဖော်ပြနေသည့်နှယ်….။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၆

ပေါင်မြို့နယ်၌ စက်ချုပ်သင်တန်းဆင်း

ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် စက်ချုပ်သုံးလသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၃ရက်က ရဲပြားကုန်းကျေးရွာ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမော်က သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

သံတောင်ကြီးစည်ပင် မြို့ပတ်လမ်းကတ္တရာခင်း

သံတောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြသည်။ (မြို့နယ် ပြန်/ဆက်)

ကျိုင်းလပ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ရက်က ကျိုင်းလပ်မြို့ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဌေးတို့က အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

ပျော်ဘွယ် အရှေ့လျှော်ဖြူကုန်းရွာ၌ သုတဘဏ်စာကြည့်တိုက်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် အရှေ့လျှော်ဖြူကုန်းကျေးရွာ၌ သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မေသန္တာအောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း) ဦးရဲမြင့်တို့က ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ကလေးသေနှုန်းကျဆင်းရေး လပွတ္တာ၌ အသိပညာပေး

လပွတ္တာမြို့နယ် မောင်ငယ်ကျေးရွာ မူကြိုကျောင်းတွင် ဖေဖော်ဝါရီ ၁၉ရက်က ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက် ကလေးသေနှုန်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရာ ခုတင်(၂၀၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာရဲအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူး(၁) ဦးကျော်နိုင်ဦးနှင့် ဒေါက်တာ ခိုင်စိုးလင်းတို့က မိခင်နှင့်ကလေးကျန်းမာရေးဆိုင်ရာများ ဟောပြောဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်တန်း၌ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်

ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာတွင် ကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ရေးအစီအစဉ်အရ ဖေဖော်ဝါရီ ၂၇ရက်က အဆိုပါကျေးရွာနေ ဦးနေဝင်းထွန်း၏ အသားစားကြက်မွေးမြူရေးခြံ၌ ဇီဝလုံခြုံမှုမြှင့်တင်ရေး ပညာပေးခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ရေးမြို့ကျက်သရေလမ်း ကတ္တရာလမ်းသစ်ဖွင့်

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးမြို့နယ် လမိုင်းမြို့ မြို့မ(၂)ရပ်ကွက် ကျက်သရေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်၊ ရပ်မိရပ်ဖ ဦးသိန်းသန်းစိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးခင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

သရက်မြို့နယ်၌ ပွင့်သစ်စာကြည့်တိုက်ဖွင့်

သရက်မြို့နယ် ပိဿလိမ်းကျေးရွာအုပ်စု သဲဖြူ(ရွာလေး)ကျေးရွာပွင့်သစ် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဖြိုးဝေလင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

လားရှိုး၌ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီး ၁၃၉ဦးနှင့် ပညာရေးဝန်ထမ်း ၂၅ဦး စုစုပေါင်း ၁၆၄ဦးတို့အား မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးလှိုင်၏ ကြီးကြပ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုပုံများကို ဖေဖော်ဝါရီ ၂၆ရက်က လားရှိုးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစန်းမြင့်က ရှင်းလင်းပြသသည်။ ။ (လားရှိုးကိုယ်ပွား)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်၊ ဥပုသ်နေ့
၇-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈:၂၅ ၇။ (၆၅) နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၈။ International News
၈:၄၅ ၉။ Connect With English (Episode-30) (Life Goes On)

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၀၅ ၂။ တေးဂီတအစီအစဉ်
၁၁:၁၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၂၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၇၈)
၁၂:၂၀ ၅။ Golf Magazine (TV)
၁၂:၄၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ပန်းနေကြာလေးလန်းစေချင်** ထွန်းထွန်း၊ မင်းထက်ကျော်ဇင်၊ သဉ္ဇာဝင့်ကျော်၊ ပြည့်ဖူးခိုင် (ဒါရိုက်တာ-ဟိန်းစိုး)
၁၄:၁၅ ၇။ သက်တံရောင်သံစဉ်
၁၄:၃၀ ၈။ အတီးပြိုင်ပွဲ
၁၄:၅၅ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၁၅ ၃။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်း ပြိုင်ပွဲဆုရတေးများ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ နှောင်းနှောင်းတ
၅:၀၅ ၇။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၁၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် Bugs Adventures (အပိုင်း-၃)
၆:၄၀ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ **ချောင်းဟန့်သံ** ဇေယျ၊ ကောင်းစျာန်သစ်၊ ခင်ခင်ကြီး၊ အေးချမ်းမိုး၊ ချစ်စု၊ မာလာမွန် [ဒါရိုက်တာ-မေတင်(MMG)]
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၁၈)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၇)
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၃)
၁၉။ ရုပ်သံကြယ်ပွင့်များ
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ အစီအစဉ်ပြီး၏။

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ပထမနေ့ပွဲစဉ်များယှဉ်ပြိုင်

မြန်မာ-ထိုင်း တွဲဆိုင်းသုံးဆိုင်းတွင် သပြေညိုက အလဲထိုးနိုင် အောင်ဇေယျနှင့် ရန်ဆက်နိုင်တို့က သရေပွဲသာ ယူနိုင်ခဲ့ကြ

ယနေ့ စိုးလင်းဦးနှင့် ရန်ကြီးအောင်တို့ မွေထိုင်းတို့နှင့်ထိုးသတ်မည်

➤ ရိုးရာလက်ဝှေ့မြင်ကွင်း - ဇင်လင်းထွန်း(နေပြည်) ➤ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း

သရေပွဲဖြစ်သွားသော အောင်ဇေယျနှင့် ဆတ်ခွန်းဆောင်တို့ကို ဖူးတွဲဆုဖလားများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ **Royal Club** သောက်ရေသန့်လုပ်ငန်း၏ အဓိကကူညီပံ့ပိုးမှုဖြင့် **H&S Group** မှ ဦးစိုင်းဇော်ဇော် တာဝန်ယူစီစဉ်သည့် မြန်မာ-ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ပထမနေ့ပွဲစဉ်များကို မတ် ၆ ရက်(ယနေ့) ညနေ ၃ နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပြည်တွင်းစိန်ခေါ်ပွဲ ငါးပွဲ၊ မြန်မာ-ထိုင်းစိန်ခေါ်ပွဲ သုံးပွဲဖြင့် ကျင်းပခဲ့ရာ မြန်မာ-ထိုင်းပွဲစဉ်များတွင် သပြေညို(မြန်မာ)က ဦးဒုံဆွပ်ပိုစမ်ရန်ချိုင်း(ထိုင်း)ကို ဒုတိယအချီ ၂ မိနစ် ၅၈ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိပြီး ရန်ဆက်နိုင်(မြန်မာ)နှင့် ပက်စန်ဂွန်စစ်နီဝပ်(ထိုင်း)၊ အောင်ဇေယျ(မြန်မာ)နှင့် ဆတ်ခွန်းဆောင်တောင်စင်ကျန်နွဲ့(ထိုင်း)တို့ သရေပွဲ ဖြစ်သွားကြသည်။

လေးချီအထူးပွဲ

ပြည်တွင်းစိန်ခေါ်ပွဲများကို ရဲမြတ်အောင်(ဖိုးရာဇာ)နှင့် ဝမ်ချုံး(မိုးသောက်ကြယ်)တို့၏ လေးချီအထူးပွဲဖြင့် စတင်သည်။ ဝမ်ချုံး၏ ညာဖြတ်လက်သီးကြောင့် တတိယအချီ၌ ရဲမြတ်အောင် အနားတောင်းရသော်လည်း သရေပွဲဖြစ်သွားခဲ့သည်။ ငါးချီစိန်ခေါ်ပွဲများတွင် ၂၀၀၉ လိုက်ဖလိုင်းဝိတ်တန်းရွှေခါးပတ်ချန်ပီယံ မိုးသီး(မြန်မာပြည်သား)သည် ၄င်းထက်ဝါငယ်သော်လည်း အလုံးအရပ်သာသော သိန်းညီညီ(အလင်းရောင်)ကို သရေရရန် ရုန်းကန်ခဲ့ရသည်။

ထို့နောက် ဝီလျှံ(ရွှေကုက္ကို)နှင့် ကချင်လေး(ဘီလပ်မြေစက်ရုံ)တို့လည်း သရေပွဲဖြစ်ခဲ့သည်။ ဇလပ်နီ(ချင်းပြည်နယ်)နှင့် ဒိန်း(ဖိုးရာဇာ)တို့ပွဲတွင် ဇလပ်နီက အနောက်တိုင်းလက်ဝှေ့စတိုင် ထောက်ဖြောင့် တွဲလုံးအသွက်များဖြင့် ဒိန်းကို အမှည့်ခြွေ ခြွေရန်ကြိုးစားသော်လည်း ဒိန်းက နောက်လှန်ခါးဆွဲရှောင်ပြီး အားပါသော ညာဝိုက်လက်သီးကိုသုံးသည်။ ဒုတိယအချီ ၂ မိနစ် ၃၃ စက္ကန့်တွင် ဒိန်း၏ လက်သီးတွဲလုံးနောက်မှ ညာပတ်ခြေကန်ချက်က ဇလပ်နီကို အနားတောင်းစေပြီး တတိယအချီ ၂မိနစ် ၉ စက္ကန့်တွင် ချုပ်တိုက်ဘယ်ဒူးဖြင့် ပွဲသိမ်းအနိုင်ယူလိုက်သည်။

ဝင်းတင် (ရွှေကုက္ကို) နှင့် ရွှေသိန်းအောင်(နှစ်ရှည်ဥယျာဉ်)တို့ ထိုးသတ်ပုံကို ဒိုင်ချုပ် ဦးဒေါင်းနီက သဘောမကျသဖြင့် ပထမအကြိမ် ခေါ်ယူသတိပေးပြီး စတုတ္ထအချီ၌ ပွဲကို ရပ်ဆိုင်းလိုက်သည်။

အနားတောင်းလိုက်ရ

မြန်မာ-ထိုင်း စိန်ခေါ်ပွဲကို သပြေညိုနှင့် ဦးဒုံဆွပ်ပိုစမ်ရန်ချိုင်းတို့ စတင်သည်။ သပြေညိုက ပွဲစသည်နှင့် ဘယ်ညာတွဲလုံးဖြင့်တိုက်စစ်ဆင်သည်။ ဦးဒုံဆွပ်က နင်းခြေများ၊ အမြင့်ကန်ချက်များဖြင့် သပြေညို၏

သပြေညိုက ဦးဒုံဆွပ်ကို တတိယအချီ၌ ဤသို့ အလဲထိုးခဲ့ရာ....။ (မြန်မာ့အလင်း)

တိုက်စစ်ကို ထိန်းရန်ကြိုးစားပြီး တံတောင်ရိုက်ချက်များ၊ အမြင့်ကန်ချက်များဖြင့် ကောင်တာပြန်လွှတ်သည်။ သပြေညိုက ဦးဒုံဆွပ်ကို တိုက်စစ်စခွင့်မပေးဘဲထက်ကြပ်မကွာလိုက်၍ အောက်ခြေပိုင်းကန်ချက်များ၊ ပတ်ခြေကန်ချက်များဖြင့် ထိန်းထားပြီး ညာဖြောင့်လက်သီးအပိုင်ထိုးရန် ကြိုးစားသည်။ ပထမအချီ ၂ မိနစ် ၅၈ စက္ကန့်တွင် ဦးဒုံဆွပ်၏ အပြာထောင့်၌ သပြေညိုက ထက်ကြပ်မကွာလိုက်ပြီး ထောင့်ပိတ်ထိုးရာ ပြင်းထန်သော ညာဝိုက်လက်သီးချက်ထိကာ ဦးဒုံဆွပ် အနားတောင်းလိုက်ရသည်။ အချိန်စေ့ရန် နှစ်စက္ကန့်သာလိုသဖြင့် ဒုတိယအချီ၌ ပေါင်းထည့်ယှဉ်ပြိုင်စေသည်။

အလဲထိုး

ဒုတိယအချီတွင်လည်း စိတ်ဓာတ်တက်ကြွနေသော သပြေညိုက အားပါသော ဘယ်ညာလက်သီးတွဲကို ထိုးရန် အနီးကပ်၌ တံတောင်ချင်းယှဉ်ရိုက်သည်။ ဦးဒုံဆွပ်က သပြေညို၏ လက်သီးတွဲလုံးကို ဂတ်ပိတ်ငုံခံရင်း အမြင့်ကန်ချက်ဖြင့် တုံ့ပြန်ခြင်း၊ တံတောင်ရိုက်ချက်ဖြင့် အထိနာစေရန် ကြိုးစားသည်။ သပြေညိုက ဂတ်ပိတ်ငုံခံထားသော ဦးဒုံဆွပ်ကို ဘယ်ပင့်လက်သီးဖြင့် ဂတ်ဖွင့်စေပြီး ညာဝိုက်လက်သီးဖြင့် ပွဲသိမ်းထိုးရာ ဒုတိယအချီ ၂ မိနစ် ၅၈ စက္ကန့်၌ ဦးဒုံဆွပ် အလဲထိုးခံလိုက်ရသည်။

ရန်ဆက်နိုင် အနားတောင်းရ

မြန်မာ-ထိုင်းဒုတိယပွဲစဉ်ကို ယှဉ်ပြိုင်ကြရာ အရပ်အမောင်းနှင့် ခြေတံလက်တံသာသော ပက်စန်ဂွန်စစ်နီဝပ်ကို ရန်ဆက်နိုင် အပိုင်မလုပ်သာဘဲ အနီးကပ် ညာတံတောင်ဆွဲခံရမှုကြောင့် ဒုတိယအချီ ၃၇ စက္ကန့်၌ အနားတောင်းလိုက်ရသည်။ အရပ်မြင့်သော ပက်စန်ဂွန်က လက်နှစ်ဖက်ကို ချ၍ အေးဆေးသက်သာ အမူအရာဖြင့် ရန်ဆက်နိုင်၏ တိုက်စစ်ကို စောင့်ကာ ညာဖြောင့်လက်သီး အပိုင်ထိုးခြင်း၊ ဘယ်တံတောင် ညာတံတောင် ရိုက်ခြင်းများ ပြုလုပ်ရာ ရန်ဆက်နိုင် တိုက်ကွက်ပျောက်ပြီး အနိမ့်သရေရရန် ရုန်းကန်ခဲ့ရသည်။

တန်ဖိုးရှိရှိ အသုံးချနိုင်

နောက်ဆုံးပွဲစဉ်တွင် အောင်ဇေယျနှင့် ဆတ်ခွန်းဆောင် တောင်စင်ကျန်နွဲ့တို့ ယှဉ်ပြိုင်ကြရာ အောင်ဇေယျက ၄င်း၏ အဓိကလက်နက်ဖြစ်သော ညာဝိုက်လက်သီးဖြင့် ပွဲသိမ်းရန် ကြိုးစားသည်။ ဆတ်ခွန်းဆောင်က လှည့်ပတ်တိမ်းရှောင်ရင်း အမြင့်ကန်ချက်များဖြင့် ထိန်းသည်။ ကြိုးတန်းကျောကပ်ကာ အောင်ဇေယျ၏ တိုက်စစ်ကို

ရန်ဆက်နိုင်နှင့် ပက်စန်ဂွန်(ယာ)တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။ (မြန်မာ့အလင်း)

မှုသည်။ အောင်ဇေယျက ညာဝိုက်အပိုင်ထိုးရန်အလုပ် ဆတ်ခွန်းဆောင်၏ တိုင်ပင်ကိုက် ဘယ်ဖြတ်လက်သီး တက်လာသည်။ ဆတ်ခွန်းဆောင်သည် ရှေ့ခင်းထားသော ဘယ်ခြေဘယ်လက်ကို တန်ဖိုးရှိရှိ အသုံးချနိုင်ကြောင်း တွေ့ရသည်။ အောင်ဇေယျ အဝင်၌ အားပါသော ဘယ်နင်းခြေဖြင့် ဟန့်နိုင်ပြီး ဘယ်ဝိုက်အရှည်ကို သုံးဆင့်ဆက်တိုက်ထိုးနိုင်သည်။ ၄င်း၏ လျင်မြန်သော ဘယ်ဝိုက်လက်သီးများက အောင်ဇေယျ၏ ညာလက်ဖျံကိုကျော်ကာ နားနောက်ဘက်သို့ထိသည်။ အောင်ဇေယျ၏ ညာဝိုက်ကြောင့် ဆတ်ခွန်းဆောင် ထိုင်ကျသွားခြင်းမျိုးရှိသော်လည်း ချက်ချင်းပြန်ထနိုင်သည်။

သတိထားနေရ

ဆတ်ခွန်းဆောင် ကြိုးတန်းကျောကပ်နေသည့်အခါ အောင်ဇေယျက အကဲကြည့်နေသဖြင့် ပရိသတ်များက အားမလိုအားမရဖြစ်ကြသည်။ ဆတ်ခွန်းဆောင် ကြိုးတန်းကပ်နေခြင်းက အပိုင်တန်ပြန် ပြန်လွှတ်ရန် အကွက်စောင့်နေခြင်းဖြစ်ကြောင်း သိသော အောင်ဇေယျ အဝင်မရဲဖြစ်နေသည်။ မြိုင်ကြီးငူပွဲတွင် မွေထိုင်း ဒင်ဘိုဆိုင်းကို ထင်တိုင်းကြဲကာ တတိယအချီ၌ အလဲထိုးခဲ့သော အောင်ဇေယျမှာ ကောင်တာကောင်းသော ဆတ်ခွန်းဆောင်းကို အဝင်မမှားရန် သတိထားနေရသည်။

ပဉ္စမအချီ

ပဉ္စမအချီတွင် အောင်ဇေယျက ညာခြေရှေ့ခင်းကာ ညာပင့်လက်သီးဖြင့် တိုက်စစ်စပြီး ဘယ်ပတ်ခြေကန်ချက်နောက်မှ လက်သီးတွဲ ဆက်လိုက်သည့် ဗျူဟာ ပြောင်းလာသည်။ ဆတ်ခွန်းဆောင်က ပြန်ဆိုင်ထိုးသော်လည်း အထိနာသွားသည့်အတွက် ကြိုးတန်းလှည့်၍ ဆုတ်ခြင်းမျိုးပြုလုပ်သည်။ အောင်ဇေယျက အပိုင်ပစ်ထိုးရာ ကြိုးတန်းကျောကပ်သွားသော ဆတ်ခွန်းဆောင်က လက်နှစ်ဖက်ကို ၄င်းဘက်သို့ ယပ်ပြ၍ လာခဲ့ပါဟူသော အမူအရာဖြင့် အောင်ဇေယျ၏တိုက်စစ်ကို မြှူသည်။

သရေပွဲဖြစ်

ယနေ့ထိုးသတ်သော မွေထိုင်းသုံးဦးစလုံးပင် ကြိုးတန်းကိုကျောကပ်ကာ ကောင်တာပြန်ထိုးခြင်းမျိုးကို ပိုင်နိုင်စွာအသုံးပြုကြောင်း တွေ့ရသည်။ အောင်ဇေယျ၏ နဖူးတွင် ဆတ်ခွန်းဆောင်၏ တံတောင်ချက်ကြောင့် အနည်းငယ်ကွဲသွားသေးသည်။ တစ်ဦးကိုတစ်ဦး ပွဲသိမ်းရန်ခက်သောအနေအထားကြောင့် သရေပွဲ ဖြစ်ခဲ့ရသည်။ နောက်ဆက်တွဲသိရှိရသော သတင်းအရ ဆတ်ခွန်းဆောင်၏ ဘယ်ညာလက်ခုံရိုး (လက်သူကြွယ်) နှစ်ဖက်စလုံး ကျိုးသွားပြီး အောင်ဇေယျက ငါးချက်ချုပ်လိုက်ရကြောင်း သိရသည်။

သုံးသပ်ပြောကြား

ပွဲအပြီးတွင် ဝါရင့်လက်ဝှေ့ကျော်ကြီး ဆရာကြီးဦးဘိုစိန်က **“မွေထိုင်းတွေဟာ ကြိုးတန်းကို ကျောပေးထားပြီး တစ်ဖက်လူအဝင်မှာ ကြိုးတန်းကန်အားနဲ့ တန်ပြန်ပြန်ထိုးတာမျိုးကို ပိုင်နိုင်တယ်၊ အဲဒီလိုထိုးတဲ့အခါ တစ်ဖက်လူကလည်းအဝင် သူကလည်း ကြိုးတန်းအားနဲ့ပေါင်းပြီး ပြန်လုပ်တာမျိုးမို့ ပွဲသိမ်းသွားနိုင်တဲ့ အခြေအနေမျိုးဖြစ်တယ်၊ ဒါကြောင့် အောင်ဇေယျကအရဲစွန့်မဝင်တာပါ၊ ဒါကို မသိတဲ့သူတွေကတော့ အောင်ဇေယျ အပိုင်မလုပ်ရကောင်းလားလို့ ထင်ကြမှာပေါ့၊ ရန်ဆက်နိုင်ကတော့ သူ့ပြိုင်ဘက်က သူ့ထက်အရပ်မြင့်ပြီး ကောင်တာကို အသေအချာစောင့်ထိုးတာမို့ သူနိမ့်သွားတာပါ၊ အရပ်ကွာသလို လက်ရှည်လည်း ကွာပါတယ်၊ ဒါကို လက်ခံရမှာပါပဲ၊ သပြေညိုကတော့ ပါဝါလည်းကောင်းတဲ့အပြင် မြန်လည်းမြန်တဲ့အတွက် ပြိုင်ဘက်က သူ့တိုက်စစ်ကို မခံနိုင်ဘဲ ရှုံးသွားတာပေါ့၊ မနက်ဖြန်ဆိုရင် စိုးလင်းဦးကတော့ အားကိုးရမယ်ထင်ပါရဲ့၊ ရန်ကြီးအောင်ကတော့ သတိထားယှဉ်ပြိုင်ရမယ်၊ အဓိကကတော့ သူတို့ရဲ့ကောင်တာထောင်ချောက်ထဲကို ဝင်မသွားဖို့ပါပဲ”** ဟု သုံးသပ်ပြောကြားသွားသည်။

ကြည့်ကောင်းဦးမယ်

အနိုင်ရရှိသွားသော သပြေညို၏ နည်းပြဆရာ မိုးပုလဲ(ဘီလပ်မြေစက်ရုံ)က “ကျွန်တော့်ကလပ်က နှစ်ယောက်ပေါ့၊ သပြေညိုနဲ့ အောင်ဇေယျ။ သပြေညို နိုင်တယ်ဆိုတာ သူ့ပြိုင်ဘက်ကညံ့လို့တော့ မဟုတ်ပါဘူး၊ ကောင်တာပြန်ရိုက်တဲ့ တံတောင်ချက်တွေ ထွက်လာတော့ ကျွန်တော်အတော် စိုးရိမ်မိသွားသေးတယ်၊ ဒါကြောင့် ကျွန်တော်က ပထမတိုက်စစ်ကို ယောင်ပြပဲဖွင့်ပြီး သူ့ကောင်တာပြန်ထွက်လာပြီးမှ အပိုင်ထိုးဖို့ ပြောပြပါတယ်၊ သပြေညိုကလည်း အဲဒီ အတိုင်းလုပ်နိုင်လို့ ပွဲသိမ်းနိုင်သွားတာပါ။ အောင်ဇေယျရဲ့ ပြိုင်ဘက်က အလွန်ပါးနပ်ပါတယ်၊ သူ့ခြေတည်ပုံအရ ညာသန်လို့ ထင်ရပေမယ့် ရှေ့ခင်းထားတဲ့ ဘယ်ခြေ ဘယ်လက်က လျှော့တွက်လို့မရအောင် မြန်လည်းမြန်ပြီး ပါဝါလည်း ရှိပါတယ်၊ အောင်ဇေယျရဲ့ ညာဝိုက်လက်သီး ထုတ်ပြီဆိုတာနဲ့ သူ့ဘယ်ဖြတ်လက်သီးက တက်လာပါတယ်၊ ဝိုက်တာနဲ့ဖြတ်တာမှာ ဖြတ်တာက ပိုပြီးတော့ ခရီးတိုတဲ့သဘောရှိတာကြောင့် သတိထားခိုင်းရပါတယ်၊ ဒါကြောင့် နောက်ပိုင်းမှာ အဲဒီဘယ်ဖြတ်ကို ထိန်းဖို့ အောင်ဇေယျကို ညာတည်ခိုင်းတာပါ။ အဲဒီတော့လည်း သူက အကပ်မခံဘဲ ကြိုးတန်းပတ်ပြီး ဆုတ်ပြေးနေတော့ အပိုင်လုပ်လို့မရဘဲ သရေပွဲဖြစ်သွားတာပါ။ ဒီနေ့ထိုးသွားတဲ့ မွေထိုင်းတွေဟာ နည်းစနစ်ရော နည်းဗျူဟာပါ ကောင်းမွန်ကြသူတွေပါ၊ မနက်ဖြန်ပွဲတွေလည်း ကြည့်ကောင်းဦးမယ့် သဘောရှိပါတယ်” ဟု ပြောသွားသည်။

ယနေ့ပွဲ

မတ် ၇ ရက် (တနင်္ဂနွေနေ့) **(ယနေ့)** ညနေ ၃ နာရီမှစ၍ ဒုတိယနေ့ ပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ပြည်တွင်းစိန်ခေါ်ပွဲ ခြောက်ပွဲနှင့် စိုးလင်းဦး(မြန်မာ)နှင့် ဖယား(ခ)နွမ်းစစ်နီဝပ်(ထိုင်း)၊ ရန်ကြီးအောင်(မြန်မာ)နှင့် နန်ချုတ်ပက်ဆူပါပန်(ထိုင်း)တို့ ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ပထမနေ့ပွဲစဉ်များ၌ လာရောက်ကြည့်ရှုအားပေးကြသည့် လက်ဝှေ့ချစ်ပရိသတ်များကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာအုပ်စု လွယ်ထွဲကျေးရွာ အရဏ်ဦး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်နု၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အလကကျောင်းခွဲ ကျွန်းလှမြို့နယ် ခါတောကျေးရွာ၌ တိုးမြှင့်ဖွင့်

ကျွန်းလှ မတ် ၂

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် ခါတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ရက်က ကျောင်းရှေ့မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ မုခ်ဦးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ပြားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

တိုးမြှင့်ဖွင့်

အခမ်းအနားကို မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းက ကျောင်းကျန်းမာရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးစိန်လွင်က ပညာရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုကို လည်းကောင်း ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဘကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်
သတင်း
ထွေထွေလာ

ဖျာပုံမြို့နယ်၌ ဆောက်လုပ်ပြီးစီးသော ကျေးရွာစာကြည့်တိုက်များ ကွင်းဆင်းစစ်ဆေး

ဖျာပုံ ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးပြီဖြစ်သော ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာ ဉာဏ်ရောင်စွမ်းရည် စာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှုကို ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်တို့သည် ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေး

ယင်းနောက်ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စာအုပ်စာစောင်တိုးပွားရေး၊ ပရိဘောဂများရရှိရေး၊ စာငှားကတ် စနစ်ထားရှိပြီး သတ်မှတ်စံ(၅)ချက် ညီညွတ်ရေးနှင့် စာကြည့်တိုက်ဖွင့်လှစ်ပွဲကို သတ်မှတ်ရက်တွင် ဖွင့်လှစ်နိုင်ရေး ဆွေးနွေးမှာကြားသည်။

အလားတူ

ဖေဖော်ဝါရီ ၃ရက်တွင် ဂေးဂုကျေးရွာနှင့် ပညာသိုက်ကျေးရွာစာကြည့်တိုက်သို့ လည်းကောင်း၊ သလိပ်ကလေးကျေးရွာ၊ အရဏ်ဦးကျေးရွာ စာကြည့်တိုက်များကို ဖေဖော်ဝါရီ ၄ရက် နံနက်ပိုင်းက လည်းကောင်း၊ ညနေပိုင်းတွင် ကျုံကူကျေးရွာ၊ လမင်းသာကျေးရွာ စာကြည့်တိုက်များ၏ ဆောက်လုပ်ပြီးစီးနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ကျိုက်ထို အထက(၂)၌ ပြည်ထောင်စုနေ့ဟောပြော စာစီစာကုံး ဆုရသူများအား ဆုချီးမြှင့်

ကျိုက်ထို ဖေဖော်ဝါရီ ၂၂

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်က အထက(၂)ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ် (အပေါ်ပုံ)နှင့် မြို့နယ်ပညာရေးဌာန ပညာရေးမှူးကိုယ်စား အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မာတို့က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြင့်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး အသိပညာပေး ဟောပြောသည်။

ဆုများချီးမြှင့်

ထို့နောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြင်းမူမြို့၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

မြင်းမူ ဖေဖော်ဝါရီ ၂၆

မြင်းမူမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒုတိယအကြိမ် စာအုပ်စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီက မြင်းမူမြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးက စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့် ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးနှင့် စာအုပ် စုပေါင်းလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီဝင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

မြင်းမူမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက ဒုတိယအကြိမ်စာအုပ်စုပေါင်းလှူဒါန်းပွဲတွင် အလှူရှင် ၁၃ ဦးမှ ငွေကျပ် ၂၆၄၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင် ၃၈၀ကို ကျေးရွာစာကြည့်တိုက် ၂၈ တိုက်သို့ ပေးအပ်လှူဒါန်းသည်။

(မြို့နယ် ပြန်/ဆက်)

Computer Networking with CCNA တန်းခွဲသစ် ဖွင့်မည်

ရန်ကုန် မတ် ၆

မြန်မာ့ ICT ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနေသော Networking Certificate တစ်ခုဖြစ်သည့် CCNA တန်းခွဲသစ်ကို NetInfo နည်းပညာသင်တန်းကျောင်းက ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်သည်။ Computer Networking ကို လေ့လာနေသူများအနေဖြင့် CCNA ကို သင်ယူကြပြီး အလုပ်အကိုင် အခွင့်အလမ်းလည်းရှိကြောင်း၊ ခြောက်လအတွင်း Professional တစ်ယောက်အဖြစ် ရပ်တည်နိုင်ကြောင်း သိရှိရသည်။

သင်တန်းတွင် လေ့ကျင့်သင်ကြားပေးသော သင်ထောက်ကူပစ္စည်းများမှာ နိုင်ငံတကာအဆင့်မီ Cisco Router ကိုးခုနှင့် Cisco switch ခုနစ်ခုဖြစ်သဖြင့် ပြည်ပတွင် လက်တွေ့လုပ်ငန်းခွင် ဝင်ရောက်သည့်အတိုင်း အတွေ့အကြုံများကို ရရှိစေမည်ဖြစ်သည်။ အမှန်တကယ် တတ်မြောက်နိုင်ရန် Cisco Lab အသုံးပြုလေ့ကျင့်ပေးသဖြင့် နိုင်ငံတကာအဆင့်မီ Computer Network ပညာရှင်ဖြစ်ရုံသာမက Cisco က ပေးအပ်သော Cisco Certified Network Associate Certificate စာမေးပွဲဖြေဆိုရန် အဆင်သင့်ဖြစ်မည်။ ယင်းသင်တန်းသည် ကွန်ပျူတာတက္ကသိုလ် ကျောင်းသားများ၊ နည်းပညာတက္ကသိုလ် ကျောင်းသားများ၊ IDCS, IAD တက်ရောက်ဆဲ၊ တက်ရောက်ပြီးသူများ၊ Networking ကို Professional အဖြစ် ရွေးချယ်ထားသူများ၊ ပြည်ပတွင် အလုပ်လုပ်ကိုင်လိုသူများ တက်ရောက်သင့်ကြောင်း သိရသည်။

ဆက်သွယ်နိုင်

အဆိုပါသင်တန်းကို မတ် ၆ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်တစ်ရက် စနေနေ့တိုင်း တက်ရောက်သင်ကြားရမည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် NetInfo နည်းပညာ သင်တန်းကျောင်း အဆောင်(၂) အခန်း(၁) မြန်မာအင်ဖိုတက် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၅ နှင့် ၆၅၂၂၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သီပေါမြို့၌ မီးဘေးကာကွယ်ရေး လှည့်လည် ဟောပြော

သီပေါ ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁၇ရက်မှစပြီး မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်ပြီး အိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် လှေကားများ ထားရှိရေးတို့ကို အသံချဲ့စက်ဖြင့် ဆော်သြလျက်ရှိသည်။

သိသိသာသာလျော့နည်း

ထို့အပြင် ရပ်ကွက်များသို့ကွင်းဆင်းပြီး မီးအသုံးပြုချိန်၊ ငြိမ်းသတ်ချိန်များကိုပါသတ်မှတ်ပြီး မီးကြိုတင်ကာကွယ်ရေး အချက်(၁၀)ချက်တို့ကို လိုက်နာဆောင်ရွက်ရန် လှည့်လည် ပညာပေးဟောပြောလျက်ရှိသည်။ ထိုသို့ ကွင်းဆင်းလှည့်လည် ပညာပေးမှုများကြောင့် ယမန်နှစ် ပွင့်လင်းရာသီတွင် မီးလောင်ဖြစ်ပွားမှု သိသိသာသာ လျော့နည်းခဲ့ကြောင်း သိရသည်။(၀၂၀)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ နွေရာသီမီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် မြို့နယ်ကော်မတီအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ရက်က စည်ပင်သာယာရေး မြို့မဈေးအတွင်းရှိ စားသောက်ဆိုင်နှင့် မီးသွယ်တန်းတပ်ဆင် အသုံးပြုသူများ စနစ်တကျအသုံးပြုရေး၊ မြို့နယ် စည်ပင်သာယာရေးဦးစီးအရာရှိ ဦးမျိုးဇော်၊ မီးသတ်ဦးစီးမှူး ဦးနေဝင်းတိုးနှင့် ဈေးတာဝန်ခံတို့က ကွင်းဆင်းစစ်ဆေးကြစဉ်။ (၀၁၇)

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ပွေးလှကျေးရွာအုပ်စု ရှောက်ပင်ကျေးရွာ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E .Dr. Cao Duc Phat ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Cao Duc Phat ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr.Chu Chong Phung လည်း တက်ရောက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ကီရယ် (ဂျာမနီ) မတ် ၆

ကမ္ဘာ့အကြီးဆုံး ဆိုလာစွမ်းအင်သုံး လှေကြီးကို ဂျာမနီနိုင်ငံ မြောက်ပိုင်း ကီရယ်မြို့ အိတ်ချ်ဒီဒဗလျူ သင်္ဘောကျင်း၌ တည်ဆောက်လျက်ရှိသည်။

<u>တည်ဆောက်နေ</u>

အဆိုပါ ဆိုလာစွမ်းအင်သုံး လှေကြီးကို ဆွစ်ဇာလန် အခြေစိုက် ကုမ္ပဏီက အမေရိကန် ဒေါ်လာ ၂၄သန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး **H.E .Dr. Cao Duc Phat** အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)